# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၇၁)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်၊ ၅-၉-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္ဒိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတွင် လေ့လာကြည့်ရှုကြစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္ဒိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် Viettel ဆက်သွယ်ရေးကုမ္ပဏီတို့သို့ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၄

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဟန္ဒိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့် Viettel ဆက်သွယ်ရေးကုမ္ပဏီတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၃ သို့ ☆

## မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)က စုစုပေါင်း ၃၃၀၈၄ ဦးတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့

မန္တလေး စက်တင်ဘာ ၄

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)က ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ အလုပ်အကိုင် ၄၂ မျိုးတွင် ကျွမ်းကျင်မှုအဆင့်(၁) ၂၉၉၀၈ ဦး၊ အဆင့်(၂) ၃၁၅၁ ဦးနှင့် အဆင့်(၃) ၂၅ ဦး စုစုပေါင်း ၃၃၀၈၄ ဦးတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့သည်။

စာမျက်နှာ ၅ သို့ ❖

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၄

ယနေ့နံနက်၆နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၆ ရက်မှ ၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။

စာမျက်နှာ ၅ သို့ ○



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ဒေသခံတောင်သူများက မိုးစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

## မြစ်သားမြို့နယ်၌ မိုးစပါး ၃၈၄၉၈ ဧက စိုက်ပျိုးပြီးစီး

မြစ်သား စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ မိုးစပါးစိုက်ဧက ၆၂၃၈၅ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယနေ့အထိ ၃၈၄၉၈ ဧက စိုက်ပျိုးပြီးစီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက မိုးစပါးကို ကင်းတားဆည်ရေ၊ မိုးကောင်းရေသောက်စနစ်နှင့် မြစ်ရေတင်စနစ်တို့ဖြင့် စိုက်ပျိုးလျက်ရှိရာ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၌ မိုးစပါးစိုက်ဧက ၆၂၃၈၅ ဧက စိုက်ပျိုးသွားရန်လျာထားသတ်မှတ်ခဲ့ပြီး

စာမျက်နှာ ၅ သို့ ✪

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ ၅ ရက်၊ စနေနေ့။
မန္တလေး

## နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်လျက်ရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် စက်တင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့ ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အဦ၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ် မျက်နှာစုံညီအခမ်းအနားသို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် အရှေ့ဖျားစီးပွားရေးဖိုရမ်သည် အာရှ-ပစိဖိတ်ဒေသအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် ပေါင်းစည်းဆက်သွယ်မှုများကိုမြှင့်တင်ပေးပြီး မိတ်ဖက်ဆက်ဆံရေးခိုင်မာစေရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေရန်အရေးပါကြောင်း၊ ရုရှားသမ္မတ မစ္စတာဗလာဒီမာပူတင်နှင့် မြန်မာနိုင်ငံသမ္မတ ဦးမင်းအောင်လှိုင်တို့၏ မကြာသေးမီကတွေ့ဆုံမှုမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အောင်မြင်အောင် ဆက်လက်တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ Digital Transformation Artificial Intelligence Innovation နှင့် Modern Infrastructure တို့သည် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ပြည်သူ့ဝန်ဆောင်မှုများနှင့် လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရန် အရေးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီဂျစ်တယ်ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် စိုက်ပျိုးရေး၊ စက်မှုပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍများတွင် ခေတ်မီနည်းပညာများအသုံးချ၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ဆောင်ရွက်နေကြောင်းပြောကြားသည်။

မြန်မာနိုင်ငံသည် အာရှဒေသ၏ မဟာဗျူဟာမြောက် ပထဝီတည်နေရာတွင်ရှိပြီး အိန္ဒိယ၊ တရုတ်နှင့် အာဆီယံဈေးကွက်များ အကြား ချိတ်ဆက်ပေးနိုင်သည့် ကုန်းတွင်းတံတားသဖွယ်အရေးပါလျက်ရှိသည်။

ဒုတိယသမ္မတက ဆက်လက်ပြောကြားရာတွင် အာဆီယံ၊ လန်ချန်း-မဲခေါင်နှင့် BIMSTEC အဖွဲ့များတွင် ပါဝင်ခြင်းတို့ကြောင့် ဒေသတွင်း ကုန်သွယ်ရေးနှင့် စီးပွားရေးချိတ်ဆက်မှုများ တိုးမြှင့်နိုင်သည့် အခွင့်အလမ်းများရှိကြောင်း။

ထို့ပြင် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၊ အာဆီယံအဝေးပြေးလမ်းကွန်ရက် အရှေ့အနောက်စီးပွားရေးစင်္ကြံနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတို့၏ အချက်အချာနေရာတွင် မြန်မာနိုင်ငံတည်ရှိနေမှုကို အခွင့်အလမ်းအဖြစ် အသုံးချရန်နှင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးတို့တွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် မကြာသေးမီက ရုရှားဖက်ဒရေးရှင်းနိုင်ငံအပါအဝင် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ တရားဝင်ခရီးစဉ်များ သွားရောက်ခဲ့ပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့် အပြန်အလှန်ဆက်ဆံမှုများ ပိုမိုခိုင်မာစေရုံသာမက နှစ်ဖက်အကျိုးရှိမည့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ပထဝီအနေအထားအရ ကွာဝေးသော်လည်း နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်အားပေးထောက်ခံမှုများနှင့် ခိုင်မာရင်းနှီးသည့် နှစ်နိုင်ငံဆက်ဆံရေးရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်များအားလုံးနှင့် ပိုမိုချိတ်ဆက်၍ ခိုင်မာပြီးဘက်စုံဖွံ့ဖြိုးတိုးတက်သော ဒေသတစ်ရပ်တည်ဆောက်နိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ အရှေ့ငယ်တိုးကျေးရွာ ဘက်စုံသုံးခန်းမ၌ ယနေ့ နံနက်ပိုင်းက အသေးစားထုတ်ကုန်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်းက သင်တန်းမှ စာတွေ့ လက်တွေ့ သင်ကြားပေးလိုက်သော လူသုံးကုန်ထုတ်လုပ်မှု နည်းပညာများကို အသုံးပြု၍ ကိုယ်ပိုင်ဝင်ငွေရ လုပ်ငန်းများ ထူထောင်လုပ်ကိုင်သွားကြရန် ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်သန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးထွန်းနှင့် တာဝန်ရှိသူတို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းတွင် ထူးချွန်ခဲ့သည့် သင်တန်းသား ငါးဦးအား လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထက်ထက်
(ကျောက်ဆည်)
ဝ-ဝ-ဝ-ဝ-ဝ

## သာစည်မြို့နယ်၌ ကိုဗစ်(၁၉)ကာကွယ်ဆေး Pfizer အပိုဆောင်းထိုးနှံပေး

**သာစည် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေ ၅၀၄ ဦးအား စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်စည်ပင်သာယာရုံးခန်းမတွင် ကိုဗစ်(၁၉) ကာကွယ်ဆေး Pfizer အပိုဆောင်း ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးနှံရာတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မန္တလေးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇေရာထက်ဦးဆောင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စိုင်းဇေယျာမျိုးနှင့်ဝန်ထမ်းများက ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူ ၅၀၄ ဦးအား ကိုဗစ်(၁၉) ကာကွယ်ဆေး Pfizer ထိုးနှံပေးခဲ့ကြောင်း သိရသည်။

(၄၈၇)

## မန္တလေးတိုင်းအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများ ထုတ်ပြန်

**မန္တလေး စက်တင်ဘာ ၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ၇၁၇၉ ကျပ်ဖြစ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်လီ၊ လက်ကားရောင်းချမည့် ဈေးနှုန်းများကိုလည်း ရန်ကုန်အထိုင်ဈေးပေါ်မူတည်ပြီး ကော်မတီမှ သတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ် အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်းထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကားဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ မန္တလေး တိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့၌ ၈၅၀၀ ကျပ်၊ မိတ္ထီလာမြို့၌ ၈၃၂၀ ကျပ်၊ ရမည်းသင်းမြို့၌ ၈၂၉၀ ကျပ်၊ ကျောက်ဆည်မြို့၌ ၈၄၅၀ ကျပ်၊ ပြင်ဦးလွင်မြို့၌ ၈၅၄၅ ကျပ်၊ မြင်းခြံမြို့၌ ၈၅၇၅ ကျပ်နှင့် ညောင်ဦးမြို့၌ ၈၄၈၀ ကျပ်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)
ဝ-ဝ-ဝ-ဝ-ဝ
ဝ-ဝ-ဝ

## ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း(၂/၂၀၂၆) သင်တန်းဆင်း

**မန္တလေး စက်တင်ဘာ ၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ ချမ်းအေးသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၂/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၃ နာရီက အမှတ်(၁၆)အခြေခံပညာ အထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမတွင် ကျင်းပသည်။



သင်တန်းဆင်းပွဲသို့ ချမ်းအေးသာစံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်မြင့်ဌေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မဟာအောင်မြေခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်နှင့်ခရိုင်ကော်မတီဝင်များ၊ နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူး ကျော်လွင်မိုး၊ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ရဲမှူးမျိုးနိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့် မြို့နယ်ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုစုပေါင်းအင်အား ၇၀ ဦး တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မဟာအောင်မြေခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်က အဖွင့်အမှာစကားပြောကြားပြီး မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်မြင့်ဌေး၊ မဲဆန္ဒနယ်အမှတ်(၄)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဖေမောင်၊ ချမ်းအေးသာစံမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးတို့က လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၂/၂၀၂၆) တက်ရောက်ခဲ့သော ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား စိတ္တရမဟီရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းက ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

(ဓဲပုံ)
(ဝ၄၁)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ ရှေ့ဖုံးမှ

## Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ

ဦးစွာ နိုင်ငံတော်သမ္မတသည် ဟန္ဂိုင်းမြို့မှ Hai Phong မြို့သို့ အထူး မော်တော်ယာဉ်တန်းဖြင့် သွားရောက်ခဲ့ပြီး လမ်းကြောင်း တစ်လျှောက်တွင် ဗီယက်နမ် နိုင်ငံ၏ လမ်းပန်းဆက်သွယ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ နှင့် စနစ်တကျတည်ဆောက် ထိန်းသိမ်းထားရှိမှုများ၊ လမ်းဘေး ဝဲ/ယာတစ်လျှောက် စိုက်ပျိုးရေး လုပ်ငန်းများနှင့် မြို့ပြနှင့် ကျေးလက်လူနေထိုင်ရာ နေရာ များကို အချိုးကျကျဖြင့် စနစ်တကျ မြေအသုံးချထားရှိမှုများ၊ စိုက်ပျိုး ရေးကို အခြေခံသည့် စက်မှုလုပ်ငန်း များအား ကုန်ထုတ်လမ်းများ ဖောက်လုပ်၍ စနစ်တကျအကောင် အထည်ဖော်တည်ဆောက်ထားရှိ မှုများကို လေ့လာကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အဖွဲ့ဝင်များသည် Vinfast မော်တော်ယာဉ်ထုတ်လုပ် ရေးကုမ္ပဏီသို့ ရောက်ရှိကြရာ ဗီယက်နမ်နိုင်ငံ၏ အကြီးစား စီးပွားရေးလုပ်ငန်းစု Vingroup ၏ ဒုတိယဥက္ကဋ္ဌ Madam DUONG THI HOAN (ဇွုဝမ်-ထိ-ဟွန်)၊ VinFast ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်သူ Mr. PHAM NHAT QUAN ANH (ဖန်-ညက်-ကွမ်-အိုင်း)နှင့် တာဝန် ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

ယင်းနောက် ကုမ္ပဏီအစည်း အဝေးခန်းမတွင် တာဝန်ရှိသူ တစ်ဦးက ဗီယက်နမ်နိုင်ငံ၏ အကြီးစား စီးပွားရေးလုပ်ငန်းစု Vingroup ၏ အဓိကလုပ်ငန်းခွဲ တစ်ခုဖြစ်သည့် Vinfast မော်တော် ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီသို့ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့အနေဖြင့် လာရောက် လေ့လာမှုအပေါ် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားပြီး ဗီယက်နမ်နိုင်ငံ၏ အကြီးစား စီးပွားရေးလုပ်ငန်းစု Vingroup မှ တာဝန်ရှိသူများနှင့် Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီမှ တာဝန်ရှိသူများက တစ်ဦးချင်း မိတ်ဆက်ကြသည်။ ဆက်လက်၍ VinFast ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်သူ Mr. PHAM NHAT QUAN ANH က ကြိုဆိုနှုတ်ခွန်းဆက် စကားနှင့် စက်ရုံဆိုင်ရာ သမိုင်း ကြောင်းများ၊ စက်ရုံမှ ထုတ်လုပ် လျက်ရှိသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ၊ ပြည်တွင်း ပြည်ပဈေးကွက်သို့ ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီဆိုင်ရာများနှင့် ပတ်သက် သည့် Video Clip ကို ကြည့်ရှုကြ သည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္ဂိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီတွင် လေ့လာကြည့်ရှုကြစဉ်။

**မိမိအနေဖြင့် ယခုဗီယက်နမ်နိုင်ငံသို့ လာရောက်သည့်ခရီးစဉ်အတွင်း စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရန်ရည်ရွယ် ထားရှိပြီး Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများအပေါ် လေ့လာ ကြည့်ရှုသွားမည်ဖြစ်ကြောင်းနှင့် ယခုထက်ပိုမိုသော အောင်မြင်မှုများ ရရှိရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြန်လည်ပြောကြား**

ထို့နောက် VinFast ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် က အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ရာ နိုင်ငံတော်သမ္မတက လက်ခံရယူပြီး အမှတ်တရ လက်ဆောင်ပစ္စည်း ပြန်လည် ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ က ယခုကဲ့သို့ ဗီယက်နမ်နိုင်ငံ၏ အကြီးစား စီးပွားရေးလုပ်ငန်းစု Vingroup ၏ အဓိကလုပ်ငန်းခွဲ တစ်ခုဖြစ်သော Vinfast မော်တော် ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ၏ မော်တော်ယာဉ် ထုတ်လုပ်မှု အခြေအနေများကို လာရောက် လေ့လာရခြင်းအတွက် ဝမ်းမြောက် မိပါကြောင်း၊ ကုမ္ပဏီ၏ ဆောင်ရွက် ချက်များအပေါ် လေ့လာမှုများအရ သိရှိရပြီး ယခုရှင်းလင်းတင်ပြမှု များအရလည်း ပိုမိုသိရှိရသည့် အတွက် အောင်မြင်တိုးတက်မှုများ အပေါ်များစွာ ဂုဏ်ယူဝမ်းမြောက် မိပါကြောင်း၊ မိမိအနေဖြင့် ယခု ဗီယက်နမ်နိုင်ငံသို့ လာရောက် သည့်ခရီးစဉ်အတွင်း စီးပွားရေး အရ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရန်ရည်ရွယ်ထားရှိပြီး Vinfast မော်တော်ယာဉ်ထုတ်လုပ် ရေးကုမ္ပဏီနှင့်လည်း ပူးပေါင်း ဆောင်ရွက်သွားနိုင်မည့် အခြေ အနေများအပေါ် လေ့လာကြည့်ရှု သွားမည်ဖြစ်ကြောင်းနှင့် ယခု ထက်ပိုမိုသော အောင်မြင်မှုများ ရရှိရန် ဆုမွန်ကောင်းတောင်းပါ ကြောင်း ပြန်လည်ပြောကြား သည်။



ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္ဂိုင်းမြို့ရှိ Vinfast မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီရှိ လုပ်ငန်းခွင်ကို တွေ့ရစဉ်။

ဆက်လက်၍ Vinfast မော်တော် ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ အတွင်း လှည့်လည်၍ သတ္တုပုံဖော် ခြင်း၊ ကားကိုယ်ထည်တပ်ဆင် ခြင်း၊ ဆေးသုတ်ခြင်း၊ အပြီးသတ် တပ်ဆင်ခြင်းစသည့် မော်တော် ယာဉ်ထုတ်လုပ်နေမှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို အလိုအလျောက် စနစ်များနှင့် စက်ရုပ်နည်းပညာ များအသုံးပြု၍ ဆောင်ရွက်နေမှု များအပေါ် လိုက်လံကြည့်ရှု လေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည် များ မေးမြန်းဆွေးနွေးသည်။

အဆိုပါ ဗီယက်နမ်နိုင်ငံ၏ ထင်ရှားသော မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ တစ်ခုဖြစ် သည့် Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံ၏ အကြီးစား စီးပွားရေးလုပ်ငန်းစု Vingroup ၏ လုပ်ငန်းများအနက် တစ်ခုဖြစ်ပြီး လျှပ်စစ် မော်တော်ယာဉ်များနှင့် လျှပ်စစ် မော်တော်ဆိုင်ကယ် များကို အဓိကထုတ်လုပ်လျက်ရှိ ကြောင်း၊ Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေး ကုမ္ပဏီကို ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း Hai Phong မြို့ Cat Hai ဒေသတွင် တည်ဆောက်ထားပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် စက်ရုံ တည်ဆောက်ရေး စတင်ခဲ့ကာ ၂၁ လအတွင်း တည်ဆောက်ပြီးစီး ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန် ၁၄ ရက် တွင် စက်ရုံဖွင့်လှစ်၍ မော်တော် ယာဉ်ထုတ်လုပ်မှုများကို စတင်ခဲ့ ကြောင်း၊ VinFast ၏ Hai Phong မော်တော်ယာဉ် ထုတ်လုပ်ရေး စက်ရုံသည် ဧရိယာစတုရန်းမီတာ ၅၀၀,၀၀၀ ကျော် ကျယ်ဝန်းပြီး မော်တော်ယာဉ် ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို ခေတ်မီ နည်းပညာများ၊ အလိုအလျောက် စနစ်များနှင့် စက်ရုပ်နည်းပညာ များ အသုံးပြု၍ ဆောင်ရွက်လျက် ရှိကြောင်း၊ စက်ရုံတွင် သတ္တုပုံဖော် ခြင်း၊ ကားကိုယ်ထည်တပ်ဆင် ခြင်း၊ ဆေးသုတ်ခြင်း၊ အပြီးသတ် တပ်ဆင်ခြင်းနှင့် ဘက်ထရီ ထုတ်လုပ်ခြင်းစသည့် အဓိက လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင် သည့် ထုတ်လုပ်ရေးဌာနများ ပါဝင်ကြောင်း၊ ထို့ပြင် VinFast သည် လျှပ်စစ်မော်တော်ယာဉ်များ အတွက် လိုအပ်သည့် ဘက်ထရီ ထုတ်လုပ်မှုနှင့် ထောက်ပံ့ရေး ကဏ္ဍများကိုလည်း ပြည်တွင်း၌ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက် လျက်ရှိပြီး မော်တော်ယာဉ် ထုတ်လုပ်မှုမှ လျှပ်စစ်ဘက်ထရီနှင့် နည်းပညာပိုင်းဆိုင်ရာကဏ္ဍများ အထိ ချိတ်ဆက်တည်ဆောက် ထားခြင်းသည် VinFast ၏ လျှပ်စစ်မော်တော်ယာဉ် လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ ၏ အရေးပါသော အစိတ်အပိုင်း တစ်ရပ်ဖြစ်ကြောင်း။

VinFast သည် ဗီယက်နမ်နိုင်ငံ ၏ မော်တော်ယာဉ်ထုတ်လုပ်ရေး နှင့် လျှပ်စစ်ယာဉ်ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ဗီယက်နမ် နိုင်ငံတွင် စက်ရုံနှစ်ရုံ၊ အင်ဒိုနီးရှား နိုင်ငံတွင် စက်ရုံတစ်ရုံ၊ အိန္ဒိယ နိုင်ငံတွင် စက်ရုံတစ်ရုံတို့ဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ လည်ပတ် လျက်ရှိကာ နိုင်ငံတကာဈေးကွက် များသို့လည်း တိုးချဲ့ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတ သည် Vinfast မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံမှ အပြီးသတ် ထုတ်လုပ်ထားသည့် မော်တော် ဆိုင်ကယ်များနှင့် မော်တော်ယာဉ် များကို ကြည့်ရှုလေ့လာပြီး တာဝန် ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်း ဆွေးနွေးသည်။

### Viettel ဆက်သွယ်ရေးကုမ္ပဏီ

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အဖွဲ့ဝင်များသည် Viettel ဆက်သွယ်ရေးကုမ္ပဏီသို့ ဆက်လက် ထွက်ခွာခဲ့ကြပြီး ကုမ္ပဏီသို့ရောက်ရှိစဉ် ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး Sr. Lt. Gen. Nguyen Quang Ngoc (ငုရင်-ကွမ်း-ငေါက်)၊ Viettel Group ၏ ဥက္ကဋ္ဌ နှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang (သာအို-ဒု-ထန်း)နှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆို နှုတ်ဆက်ကြကာ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

ဆက်လက်၍ ကုမ္ပဏီအစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ အနေဖြင့် Viettel ဆက်သွယ်ရေးကုမ္ပဏီသို့ လာရောက်လေ့လာသည့်အတွက် မိမိတို့အနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသည့် Viettel ဆက်သွယ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသူများသည် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ရှည်လျားခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှု သံတမန်ဆက်ဆံရေး တည်ဆောက်နိုင်ခဲ့မှုနှင့် Viettel ဆက်သွယ်ရေးကုမ္ပဏီအနေဖြင့် နှစ်နိုင်ငံဆက်သွယ်ရေးနှင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေရေးကို တစ်ထောင့်တစ်နေရာမှ တည်ဆောက်နိုင်ခဲ့မှုဆိုင်ရာများ၊ စဉ်ဆက်မပြတ် ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် Mytel အမှတ်တံဆိပ်ဖြင့် ဆက်သွယ်ရေးကွန်ရက်တစ်ခု ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများနှင့် ပတ်သက်သည့် Video Clip ဖွင့်လှစ်ပြသမှုကို ကြည့်ရှုကြသည်။

ယင်းနောက် Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang (သာအို-ဒု-ထန်း)က အဆွေတော်သမ္မတကြီးအနေဖြင့် Viettel Group နှင့် Mytel တို့အပေါ် ထောက်ခံအားပေးခဲ့မှုများအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ Mytel ဟူသည့် အမည်နာမသည် အဆွေတော်သမ္မတကြီး ကိုယ်တိုင် ရွေးချယ်ပေးအပ်ခဲ့သည့် အမည်နာမဖြစ်သည့်အတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ Viettel Group အနေဖြင့် Mytel နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် Mytel ဆက်သွယ်မှုကွန်ရက်ဆိုင်ရာလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း၊ ဒီဂျစ်တယ် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီဂျစ်တယ် လမ်းပန်း ဆက်သွယ်ရေး၊ ဒီဂျစ်တယ် သယ်ယူပို့ဆောင်ရေးတို့တွင် Mytel အနေဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အလားအလာများစွာ ရှိနေပါကြောင်း၊ အဆွေတော်သမ္မတကြီး ဦးဆောင်သည့် ခရီးစဉ်အတွင်း အောင်မြင်မှုများရရှိပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက နှစ်ဖက်သဘောတူညီချက်များကို အပြည့်အဝ အကောင်အထည်ဖော်ဆောင်၍ လုပ်ငန်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်း ဆက်သွယ်မှုကွန်ရက်များ ပိုမိုကောင်းမွန်ဖွံ့ဖြိုးတိုးတက်လာစေရေး အားပေးဆောင်ရွက်လျက် ရှိကြောင်း၊ ရတနာပုံ ဆိုက်ဘာစီးတီးအပါအဝင် မြန်မာနိုင်ငံ၏ နည်းပညာအထူးဇုန်များမှာ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပြီး ဒီဂျစ်တယ်နှင့် နည်းပညာဆိုင်ရာ ပစ္စည်းများ လာရောက် ထုတ်လုပ်နိုင်ပါကြောင်း၊ မိမိအနေဖြင့် ဒီဂျစ်တယ်နှင့် နည်းပညာကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်အမြဲ အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် Viettel Group မှ ပြန်လည်ထွက်ခွာရာ Viettel Group ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာဖြင့် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang တို့ ဆွေးနွေးကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် Viettel Group ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Lt. Gen. Tao Duc Thang တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လေ့လာ

**နေပြည်တော် စက်တင်ဘာ ၄**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်း အစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသားကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ (နေပြည်တော်) ဥတ္တရသီရိမြို့နယ် တပ်ကုန်းမြို့ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်လက်နက် ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ထို့အပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသားကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး

**မိုင်းယောင်း စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် "သဘာဝပတ်ဝန်းကျင်အလှ" ခေါင်းစဉ်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ကျွမ်းကျင်-၂(ရုပ်သံ) ဒေါ်နန်းစီဖောင်းတို့က သဘာဝပတ်ဝန်းကျင်ထဲတွင် တော၊ တောင်၊ ရေ၊ မြေ၊ သစ်ပင်၊ ပန်းမန်၊ မြစ်ချောင်း၊ အင်း၊ အိုင်၊ ကောင်းကင်၊ သဲသောင်၊ စိုက်ခင်း စသည်ဖြင့် အမျိုးစုံစွာပါရှိသည့်အပြင် တစ်မျိုးစီ၏ အလှတရားတို့မှာလည်း ဖော်ကျူး၍ မဆုံးနိုင်အောင် ထူးခြားများပြားလွန်းလှတာကြောင့်ဖြစ်ကြောင်း၊ ကောင်းကင်ယံ၌ တိမ်တိုက်များဝဲကာ ယက်ဖြာမြူးတူးပျော်ပါးကစားနေကြသည်က လောကလူသားများ၏ ထက်ဝန်းကျင်တွင် မားမားမတ်မတ်ရပ်လျက် မိုးကောင်းကင်ကြီး၏ သဘာဝပတ်ဝန်းကျင် အလှပင်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်အလှတို့သည် အလှတရားများထဲတွင် ထူးခြားစွာလှပနေသော အလှတရားများဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အခြားသောအလှတရားတို့သည် အခြေအနေအချိန်အခါကိုလိုက်၍ ပြောင်းလဲနိုင်သော်လည်း ထိုအလှတို့သည် ပျက်စီးမှုမရှိသမျှ မပြောင်းလဲနိုင်ကြောင်း၊ သဘာဝပတ်ဝန်းကျင်အလှတို့သည် မည်သည့်အခါမှ ပြောင်းလဲမည်မဟုတ်သောကြောင့် ထာဝရထိန်းသိမ်းစောင့်ရှောက်နေရမည်ဖြစ်ကြောင်း စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၅၀၅)**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) သွားရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှတာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်း၊ ဦးထွန်းအုံ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ခရီးစဉ်တွင် လိုက်ပါသွားကြသည်။


ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုသို့ကြိုဆိုနှုတ်ဆက်စဉ် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံ့အကြီးအကဲများအား ကြိုဆိုဂုဏ်ပြုသည့် ဓလေ့ထုံးစံအစဉ်အလာနှင့်အညီ ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူ အလေးပြု၍လည်းကောင်း၊ ဂုဏ်ပြုလက်ဆောင်ပန်းစည်းများကမ်း၍လည်းကောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ခရီးဦးကြိုဆိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

❖ မြန်မာနိုင်ငံမှ

လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ် ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြို့တော်ခန်းမဉ္ဇကျင်းပပြီး အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်း အလုပ်အကိုင် လေးမျိုးအတွက် စစ်ဆေးအကဲဖြတ်ရာတွင် ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သည့် အရည်အသွေးပြည့်မီသူ ၂၂၇ ဦး၊ စစ်ဆေးအကဲဖြတ်သူ နှစ်ဦးနှင့် စစ်ဆေးအကဲဖြတ်ရေးဌာနနှစ်ခုတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များပေးအပ်ကြသည်။

ထို့ပြင် အဆိုပါခန်းမဉ္ဇကျင်းပသည့် လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်နှင့်ပတ်သက်၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အမှန်တကယ် ကြုံတွေ့နေရသည့် အခက်အခဲများကို ဆွေးနွေးပေးကြရန်၊ ဖြည့်ဆည်းပေးရန် လိုအပ်သည့်အချက်များကို ပွင့်ပွင့်လင်းလင်း အကောင်းဆုံးဆွေးနွေးအဖြေရှာပြီး သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ၏ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တက်ရောက်လာကြသော အလုပ်ရှင်/အလုပ်သမား ကိုယ်စားလှယ်များ၏ဆွေးနွေးတင်ပြချက်များကို အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်



○ မိုးသည်းထန်စွာမှ

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

✪ မြစ်သားမြို့နယ်မှ

ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့်ပူးပေါင်း၍ မိုးစပါးများကို ဩဂုတ်လပထမပတ်မှ စတင်စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးစပါးဧက ၃၈၄၉၈ ဧက စိုက်ပျိုးပြီးစီးခဲ့သည်။

မြစ်သားမြို့နယ်၌ ပေါင်မျိုး၊ ရိုးရိုးမျိုး၊ ကောက်စိုက်စက်၊ ကြဲခင်း၊ Seeder စသည့်စိုက်စနစ်များဖြင့် စိုက်ပျိုးကြပြီး ဒေသရေမြေသဘာဝထွက်ရှိမှု၊ ဝယ်ယူမှု၊ စားသုံးမှုနှင့် ကိုက်ညီသောအထွက်ကောင်း စပါးမျိုးများကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

☆ စာမျက်နှာ ၂၄ မှ

စက်ရုံအတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုနှင့် လျှပ်စစ်ဓာတ်အား ထိန်းချုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဗလာဒီဗော့စတော့ ကုန်သွယ်ရေးဆိပ်ကမ်းသို့ ရောက်ရှိရာ Executive director of Commercial Port of Vladivostok နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဆိပ်ကမ်း၌ ခေတ်မီစက်ယန္တရားများဖြင့် ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေကို လိုက်လံရှင်းလင်းပြသကြသည်။

ဒုတိယသမ္မတသည် ယမန်နေ့နံနက်ပိုင်းကလည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး မစ္စတာ ရယ်ရှဲသငြိကော့ဗ်နှင့် ရုရှားအရှေ့ဖျား ဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ PJSC Sberbank ဒုတိယဥက္ကဋ္ဌ မစ္စတာ ဗလာဒီမာ ဆိနေ့ဗ်နှင့် အဆိုပါ အဆောက်အအုံ၌လည်းကောင်း သီးခြားစီတွေ့ဆုံပြီး ရုရှား-မြန်မာနှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၆) ကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၂၆)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနာယက ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး အဖွင့်အမှာစကား ပြောကြားစဉ်။

အစည်းအဝေးသို့ လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနာယက ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ဗဟိုကော်မတီဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများမှ အဖွဲ့ဝင်များ၊ လွှတ်တော်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယက က အဖွင့်အမှာစကား ပြောကြားရာတွင် ယခင်လွှတ်တော်အစည်းအဝေးများကို ကော်မတီအားလုံး၏ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လာမည့် စက်တင်ဘာ ၂၁ ရက်တွင် တတိယပုံမှန်အစည်းအဝေးများကို စတင်ကျင်းပရန် ကြေညာထားပြီးဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အတွင်း နေပြည်တော်ကို ရောက်ရှိသတင်းပို့ကြမည်ဖြစ်သည့်အတွက် အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို အထူးအလေးထား ပေါင်းစပ်ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

တည်းခိုရေးနှင့် နေရာချထားရေးကော်မတီအနေဖြင့် ကိုယ်စားလှယ်များ တည်းခိုမည့်အဆောက်အအုံများ ကောင်းမွန်ရေးနှင့် ရေ၊ မီး၊ အင်တာနက် အဆင်ပြေစေရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ တည်းခိုစဉ်အတွင်း ကြုံတွေ့ရမည့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကိုလည်း အမြန်ဆုံးဖြည့်ဆည်းပေးနိုင်အောင် ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးကော်မတီအနေဖြင့် လွှတ်တော်ဝင်းအတွင်း/အပြင်၊ တည်းခိုရာနေရာနှင့် ယာဉ်တန်းလုံခြုံရေးကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ ပြင်ပမှလာရောက်သူများနှင့် ဝန်ထမ်းများ၏ ဝင်/ထွက်သွားလာမှုကို စနစ်တကျ သေချာစွာစိစစ်ရန်နှင့် ဝန်ထမ်းများ "လုံခြုံရေးအသိ/သတိ" အမြဲရှိနေစေရန် မှာကြားထားရမည်ဖြစ်ပါကြောင်း။

ဆက်သွယ်ရေး၊ အသံထိန်းစနစ်နှင့် ဆန္ဒမဲပေးစက်ခလုတ်ဆိုင်ရာ လုပ်ငန်းကော်မတီအနေဖြင့် e-Voting၊ Delegate Unit နှင့် LED Board များ ကောင်းမွန်စွာ လည်ပတ်နိုင်ရေး ပုံမှန်စမ်းသပ်ထားရန်လိုအပ်ကြောင်း၊ ရုပ်/သံစနစ်များ ကြည်လင်ပြတ်သားရေးနှင့် တယ်လီဖုန်းစနစ် ကောင်းမွန်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီအနေဖြင့် ဆေးခန်းများတွင် ဆေးဝါးနှင့် အရေးပေါ်ဆေးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရန်လိုကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် ကိုယ်စားလှယ် တည်းခိုရာနှင့် လွှတ်တော်အနီးရှိစားသောက်ဆိုင်များ၏ အစားအသောက်နှင့် သောက်သုံးရေသန့်ရှင်းမှုကို အထူးဂရုပြု စစ်ဆေးပေးရန်လိုကြောင်း။

အလားတူ သယ်ယူပို့ဆောင်ရေးကော်မတီအနေဖြင့် ကိုယ်စားလှယ်များ လာရောက်ရာတွင် အဆင်ပြေစေရေး ဆောင်ရွက်ထားရှိရန်နှင့် တည်းခိုရိပ်သာနှင့် လွှတ်တော်အကြား အသွား/အပြန် သယ်ယူပို့ဆောင်ရေးကို သက်ဆိုင်ရာကော်မတီများနှင့် အချိန်မီဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အခမ်းအနားပြင်ဆင်ရေးကော်မတီအနေဖြင့် ခန်းမကြီးများ ပြုပြင်ထိန်းသိမ်းမှု၊ ပရဝဏ်သန့်ရှင်းရေးနှင့် မြို့ပြ၊ ရေသန့်၊ လျှပ်စစ်၊ ရုပ်သံပိုင်းဆိုင်ရာ ကောင်းမွန်စေရန် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးကော်မတီအနေဖြင့် ရုပ်သံသတင်းမှတ်တမ်းထုတ်လွှင့်မှု စနစ်တကျရှိစေရေး စက်ပစ္စည်းများကို အသင့်ပြင်ဆင်ထားရန်လိုကြောင်း၊ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ သတင်းရယူနိုင်ရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ နိုင်ငံခြားသတင်းထောက်များအသင်းတို့နှင့် ပူးပေါင်းပြီး ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း။

ထို့အတူ လျှပ်စစ်ကဏ္ဍနှင့်စပ်လျဉ်းပြီး လွှတ်တော်အစည်းအဝေးများ ကျင်းပသည့်အခါ လွှတ်တော်ပရဝဏ်အတွင်းနှင့် အစည်းအဝေးခန်းမကြီးများ၊ တည်းခိုဆောင်များတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသည့် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တတိယအကြိမ်ပြည်ထောင်စုလွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများကို လုပ်ငန်းကော်မတီများ၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှုကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ကော်မတီဝင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ တတိယပုံမှန်အစည်းဝေးတွင် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကြယ်ပွင့်ပြမေးခွန်းများကို အဓိကထားဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့် လွှတ်တော်အကြား အပြန်အလှန်နားလည်မှု၊ တာဝန်ယူမှု၊ ညှိနှိုင်းပူးပေါင်းမှုနှင့် ထိရောက်သောဆက်သွယ်မှုတိုးမြှင့်ကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် အစည်းအဝေးများ အောင်မြင်စွာ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ကော်မတီဝင်များအနေဖြင့် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုကော်မတီနာယက က ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် တုန်းကွမ်မြို့နှင့် ရှန်းကျန့်မြို့တို့၌ ကြည့်ရှုလေ့လာ

ရှန်းကျန့် စက်တင်ဘာ ၄

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့၌ ကျင်းပမည့် အာရှ-ပစိဖိတ် မီဒီယာဖိုရမ် တက်ရောက်ရန် စက်တင်ဘာ ၂ ရက်တွင် ကွမ်တုံးပြည်နယ် တုန်းကွမ်မြို့သို့ ရောက်ရှိကြသည်။



ဒုတိယဝန်ကြီး ဦးရဲတင့် တုန်းကွမ်မြို့ရှိ OPPO Binhai Bay Park တွင် ကြည့်ရှုလေ့လာစဉ်။

## ကြည့်ရှုလေ့လာ

စက်တင်ဘာ ၃ ရက်တွင် တုန်းကွမ်မြို့ရှိ DeRUCCI ကုမ္ပဏီ၏ AI နည်းပညာသုံး မွေ့ရာ ထုတ်လုပ်ရေး လုပ်ငန်းခွင်၌ AI မွေ့ရာများ ခင်းကျင်းပြသထားမှု၊ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် လက်တွေ့စမ်းသပ်မှုများကိုလည်းကောင်း၊ OPPO Binhai Bay Park တွင် ၁၉၉၅ ခုနှစ်မှ စတင်ထုတ်လုပ်သည့် OPPO အမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်းများ ဖြစ်သော MP3၊ MP4၊ မိုဘိုင်းဖုန်း၊ တက်ဘလက်၊ နားကြပ်နှင့် ဆက်စပ်ပစ္စည်းများ ခင်းကျင်းပြသထားမှု၊ AI နည်းပညာသုံးအားကစားပစ္စည်းများ စမ်းသပ်အသုံးပြုနေမှုတို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် Asia-Pacific Media Forum Dongguan Sub-forum ကို တက်ရောက်ကြရာ ဒုတိယဝန်ကြီးနှင့်အတူ တရုတ်၊ ရုရှား၊ အမေရိကန်၊ ကနေဒါ၊ ကာဇက်စတန်၊ ပါကစ္စတန်နိုင်ငံများမှ မီဒီယာဆိုင်ရာ တာဝန်ရှိသူများ၊ အာရှ-ပစိဖိတ် မီဒီယာဖိုရမ်သို့ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် ဒီဂျစ်တယ်စနစ်၊ ဉာဏ်ရည်တု နည်းပညာနှင့် စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှု မှတစ်ဆင့် အာရှ-ပစိဖိတ် အသွင်ကူးပြောင်းမှုလမ်းကြောင်းအသစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ရှန်းကျန့်မြို့ရှိ ကမ္ဘာ့အကြီးဆုံး စာအုပ်ဆိုင် Eyes of the GBA ကိုကြည့်ရှုလေ့လာကြသည်။ စက်တင်ဘာ ၄ ရက်တွင် ရှန်းကျန့်မြို့ရှိ BYD ကုမ္ပဏီကို သွားရောက်ပြီး ကုမ္ပဏီထုတ် မော်တော်ယာဉ်များတွင် ဆန်းသစ်တီထွင်မှုများနှင့် ကမ္ဘာလုံးဆိုင်ရာ တိုးချဲ့မှုများအကြောင်း လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် Futian Mangrove Ecological Park ကို သွားရောက်ပြီး ဒုတိယဝန်ကြီးနှင့် ဖိုရမ် တက်ရောက်လာကြသည့် မီဒီယာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လမုပျိုးပင်များကို အမှတ်တရစိုက်ပျိုးပေးကြကာ ဒီရေတောစိုက်ခင်းကို ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် Futian Shangri – La ဟိုတယ်၌ ကျင်းပသည့် Asia-Pacific Media Forum Shenzhen Sub – forum ကို တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိများအား တွေ့ဆုံအမှာစကားပြောကြား



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၄

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အရာရှိများအား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ ရုံး/ဌာန အသီးသီးမှ အရာရှိများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည့် အရာရှိများအား တွေ့ဆုံရသည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

သမိုင်းကြောင်းအရ မိမိတို့နိုင်ငံအား အင်အားကြီးနယ်ချဲ့ အင်္ဂလိပ်တို့က မတရားကျူးကျော်စစ်များဆင်နွှဲပြီး သိမ်းပိုက်ခဲ့သောကြောင့် တပ်မတော်နှင့် ပြည်သူ အတူတကွပူးပေါင်း၍ အချုပ်အခြာအာဏာပိုင်ဆိုင်ပြီး လွတ်လပ်ရေးရရှိအောင် ပြန်လည်တွန်းလှန် တိုက်ထုတ်ခဲ့ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံသည် ပထဝီဝင်အနေအထားအရ အချက်အခြာကျသည့်နေရာတွင် တည်ရှိပြီး နိုင်ငံရေးစနစ်အရ မတူကွဲပြားသည့် အင်အားကြီးနှစ်နိုင်ငံအကြားတွင် တည်ရှိကာ မဟာဗျူဟာအရ အရေးပါသည့်အတွက် မိမိတို့နိုင်ငံအား ဩဇာလွှမ်းမိုးလိုသည့် နိုင်ငံများရှိကြောင်း။

လွတ်လပ်ရေး ရရှိပြီးချိန်မှစ၍ လက်နက်ကိုင် သောင်းကျန်းသူများသည် လူမျိုးရေး၊ အယူဝါဒရေးစသည်ဖြင့် နည်းလမ်းမျိုးစုံအကြောင်းပြကာ နိုင်ငံတော်ပြိုကွဲစေရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြကြောင်း၊ ထိုသို့လုပ်ဆောင်ခဲ့မှုများကို မိမိတို့တပ်မတော်သားများ အနေဖြင့် အခက်အခဲမျိုးစုံကြားမှ အသက်ကိုပဓာနမထားဘဲ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ရဲရဲဝံ့ဝံ့ ဆောင်ရွက်ခဲ့ကြကြောင်း၊ လက်ရှိကာလတွင်လည်း မိမိတို့နိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် တပ်မတော်သည် အင်အားတောင့်တင်း ခိုင်မာနေရန်လိုကြောင်း၊ တပ်မတော် အင်အားတောင့်တင်းခိုင်မာစေရန် တပ်မတော်သားတစ်ဦးချင်းစီက မိမိတို့တတ်ကျွမ်းသည့် နယ်ပယ်အလိုက် ကျွမ်းကျင်နေရန် လိုအပ်သကဲ့သို့ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်၍ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်သန်စွမ်းနေရန်လိုကြောင်း။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်း ရုံး/ဌာန အသီးသီး၌ တာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိများသည် စိတ်ဓာတ်စည်းကမ်းအရာ၌သော်လည်းကောင်း၊ အရည်အချင်းများအရသော်လည်းကောင်း၊ ပြစ်မှုကင်းရှင်းပြီး စံပြဖြစ်သူများကိုသာ ရွေးချယ်တာဝန် ပေးအပ်ထားသူများဖြစ်ကြောင်း၊ ထို့ကြောင့် အရာရှိများအနေဖြင့် မိမိကိုယ်ကို တန်ဖိုးထားပြီး ဂုဏ်ယူစွာဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း။

တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင်ရသူများပီပီ စစ်စည်းကမ်းအရာတွင် စံနမူနာပြဖြစ်ရန်လိုပြီး တပ်မတော်၏ ဂုဏ်သိက္ခာနှင့် ပုံရိပ်ကို ထိခိုက်စေသည့် ငွေကြေးလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု၊ မူးယစ်ဆေးဝါးမှု၊ ကိုယ်ကျင့်တရား ဖောက်ပြန်မှုတို့ကင်းရှင်းရန်လိုကြောင်း၊ မိမိ၏ပေါ့ဆမှုကြောင့် သတင်းအချက်အလက် လုံခြုံရေးကျိုးပေါက်မှု မဖြစ်ရန် ဂရုပြုထိန်းသိမ်းရန်လိုကြောင်းနှင့် သတင်းလုံခြုံရေးကျိုးပေါက်မှု စသည့်ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်မှုများကြောင့် ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ သို့ဖြစ်၍ အရာရှိများအနေဖြင့် ထုတ်ပြန်ထားသည့် ဥပဒေ စည်းမျဉ်း စည်းကမ်းများကို သိရှိလိုက်နာ စောင့်ထိန်းကြရန်နှင့် သစ္စာ (၄) ချက်ကို နေ့စဉ်ရွတ်ဆိုနေသည့် တပ်မတော်သားများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်နှင့် နိုင်ငံချစ်စိတ်၊ တပ်မတော်ချစ်စိတ်များ ထားရှိမွေးမြူကြရန်လိုကြောင်း၊ ထို့ပြင် မိမိရုံးဌာနများရှိ လုပ်ဖော်ကိုင်ဖက်များကိုလည်း အသိပညာပြန့်ပွားရေး ဆက်လက်ပြောကြားပေးကြရမည်ဖြစ်ကြောင်း။

တပ်မတော် အရာရှိများဖြစ်သည်နှင့်အညီ ကိုယ်ကျင့်တရား ကောင်းမွန်အောင် နေထိုင်ကျင့်ကြံသွားဖို့လိုကြောင်း၊ မိမိကိုယ်တိုင်လည်း ကိုယ်ကျင့်တရားကောင်းမွန်ရန်လိုအပ်သလို မိမိလက်အောက်ကိုလည်း ကိုယ်ကျင့်တရားကောင်းမွန်သူများ ဖြစ်အောင် ထိန်းသိမ်း ကြပ်မတ်သွားရန်လိုကြောင်း၊ သို့မှသာ မိမိတာဝန်ယူရသည့် အဖွဲ့အစည်းကို တော်တည့်မှန်ကန်စွာ ကွပ်ကဲအုပ်ချုပ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များ အပေါ် ညီအစ်ကိုမောင်နှမ စိတ်ဓာတ်များဖြင့် စောင့်ရှောက်ကာကွယ်ကြရန်လိုကြောင်း၊ ကိုယ်ကျင့်တရားပျက်ပြားပါက တပ်တွင်းစည်းလုံးညီညွတ်ရေးကို ထိခိုက်စေမည်ဖြစ်သည့်အတွက် တပ်မတော်သားများအနေဖြင့် စစ်သည်ကောင်းတစ်ယောက်ပီသစွာ ကျင့်ကြံနေထိုင်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ထိန်းသိမ်းခြင်းသည် မိမိတပ်ဖွဲ့၊ ဌာန၊ တပ်မတော်၏ဂုဏ်ကို ထိန်းသိမ်းခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြဲလမ်းညွှန် မှာကြားချက်ဖြစ်သည့် သင့် (၄) သင့်ကို လိုက်နာဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ သင့် (၄) သင့်ဆိုသည်မှာ သွားသင့်သည့် နေရာကိုသွားရန်၊ ပြောဆိုသင့်သည့် စကားကိုသာ ပြောဆိုရန်၊ လုပ်သင့်သည့် အလုပ်ကိုသာ လုပ်ရန်နှင့် ပေါင်းသင်းသင့်သည့် သူကိုသာ ပေါင်းသင်းသွားရန်တို့ပင်ဖြစ်ကြောင်း။

အရာရှိများ အနေဖြင့်လည်း အနာဂတ်တွင် တပ်မတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ခေါင်းဆောင်များ ဖြစ်သည့်အတွက် မိမိကိုယ်ကို တန်ဖိုးထား လေးစားတတ်ပြီး ကိုယ်ကျင့်သိက္ခာ ကောင်းမွန်နေစေရန်၊ အရည်အချင်းပြည့်ဝနေစေရန် လိုအပ်မည်ဖြစ်သောကြောင့် နေ့စဉ် လူနေမှုဘဝများကိုလည်း စည်းကမ်း စနစ်တကျဖြင့် ကျင့်ကြံ နေထိုင်သွားကြရန်လိုကြောင်း။

တပ်မတော်သားများ ဖြစ်သည့်အတွက် ကျန်းမာကြံ့ခိုင်ရန် အလွန် အရေးကြီးကြောင်း၊ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်နေရန် ကိုယ်လက်လှုပ်ရှားမှုများကို နေ့စဉ်ဆောင်ရွက်နေရမည် ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ကြရမည်ဖြစ်ကြောင်း၊ ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်မှသာ နေ့စဉ်ဆောင်ရွက်နေရသည့် လုပ်ငန်းတာဝန်များကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော် အရာရှိများဖြစ်သည်နှင့်အညီ နိုင်ငံ၏သမိုင်းကြောင်း၊ ပထဝီဝင်အနေအထား၊ တပ်မတော်၏သမိုင်းကြောင်းများကိုသိရှိအောင် စာအုပ်စာစောင်များကို ဖတ်မှတ်လေ့လာမှတ်သားပြီး ဗဟုသုတဖြည့်ဆည်းရန်လိုကြောင်း၊ ထို့ပြင် မိမိတို့၏ Professional လုပ်ငန်းတာဝန်များနှင့်ပတ်သက်သည့် စာအုပ်စာပေများကိုလည်း ဖတ်ရှုလေ့လာနေရန်လိုသကဲ့သို့ မိမိအတွက် အကျိုးဖြစ်စေမည့် စာအုပ်စာစောင်များကိုလည်း အားလပ်သည့်အချိန်များတွင် ဖတ်ရှုလေ့လာခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လေ့လာဖတ်ရှုမှုများကို အမြဲမပြတ် ဆောင်ရွက်နေမည် ဆိုပါက လုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာ ထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပြီး မိမိတို့ဖတ်မှတ်ထားသည်များကို လက်တွေ့အသုံးချခြင်းနှင့် ဝေမျှခြင်းများကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ လေ့လာဖတ်ရှုခြင်း၊ မှတ်သားခြင်း၊ ဆွေးနွေးခြင်း၊ အသုံးချခြင်းများမှတစ်ဆင့် အသိပညာများ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ အကျိုးအပြစ်များကို ဆင်ခြင်နိုင်ပြီး နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူလူထုအတွက် အားထားရမည့်သူများ ဖြစ်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် တပ်မတော်အရာရှိများ ဖြစ်ရန်အတွက် မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များရှိရန် လိုကြောင်း၊ စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး အမှန်တရားကို ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ပညာများတိုးပွားလာအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ စွန့်လွှတ်စွန့်စားသည့်စိတ်များဖြင့် တပ်မတော်၏ဂုဏ်ကို စောင့်ထိန်းကာကွယ်ကြရန်လိုကြောင်း၊ ယခုတွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိများသည် အနာဂတ်တွင် နိုင်ငံတော်နှင့် တပ်မတော်အတွက် များစွာ အထောက်အကူဖြစ်စေမည့် ခေါင်းဆောင်များဖြစ်အောင် ကြိုးစားသွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းသည် တက်ရောက်လာကြသည့် အရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စာဖတ်ရိုန်မြင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်



**မြို့သစ် စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် စာဖတ်ရိုန်မြှင့်တင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရိုန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ထွေးက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်အတွက် ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်းဖတ်ရှုကြရန် နှင့် စာပေဖတ်ရှုခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်မှ သုတ၊ ရသ စာအုပ်၊ စာစောင်များပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

ပြင်သစ်လိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) အနိုင်၊ အရှုံး (NGB)
လိုင်ယွန် ၃ - ၁ အော်ဇေး

# မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်း၍ မန္တလေးနို့ချက်စက်ရုံ၌ နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိ



နေပြည်တော် စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့် သဘာဝမြေဩဇာထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်တို့ အကျိုးတူပူးပေါင်း၍ မန္တလေးနို့ချက်စက်ရုံ၌ နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါစက်ရုံသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများနှင့်တွေ့ဆုံ၍ သမဝါယမအသင်းများအနေဖြင့် သမဝါယမစနစ်ပီပြင်စွာ ဖြစ်ပေါ်လာစေရန်၊ ခိုင်မာအားကောင်းသော စံပြအသင်းများဖြစ်စေရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်စေရန်၊ ကိုယ့်အားကိုယ်ကိုးပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Royal Ruby Flower တန် ၁၅၀ ကျဆန်စက် လည်ပတ်ဆောင်ရွက်နေမှုကိုကြည့်ရှုပြီး ကုန်ကြမ်းရရှိရေး စုပေါင်းစိုက်ပျိုးဆောင်ရွက်သည့် သမဝါယမအသင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဆောင်းဒါး ရက်ကန်းနှင့် သက်မွေးပညာသိပ္ပံသို့ရောက်ရှိပြီး စက်ရက်ကန်း၊ လက်ရက်ကန်း၊ ရွှေချည်ထိုး ငွေချည်ထိုး သင်တန်း လက်တွေ့သင်ကြားနေမှုများကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပုသိမ်ကြီးမြို့နယ် သမဝါယမကောလိပ် (မန္တလေး)သို့ရောက်ရှိပြီး ကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သင်ကြားရေးပိုင်းတွင် ဆရာ ဆရာမအင်အားလိုအပ်မှု ဖြည့်တင်းခန့်ထားရန် လိုအပ်ကြောင်း၊ ဆရာ ဆရာမများကလည်း စွမ်းရည်ရှိပြီး ကောလိပ်၏ မျှော်မှန်းချက်အတိုင်း ကျောင်းသားကျောင်းသူများကို အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လိုအပ်ကြောင်း၊ အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကောလိပ်ဝင်းအတွင်းရှိ စာသင်ဆောင်များ၊ စာကြည့်တိုက်၊ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

# (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (11th Eastern Economic Forum- 11th EEF -2026)သို့ ပါဝင်တက်ရောက်ခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၂၇-၂၀၂၈)အား လက်မှတ်ရေးထိုး



နေပြည်တော် စက်တင်ဘာ ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်(11th Eastern Economic Forum)နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဗလာဒီဗော့စတော့မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ပြီး စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (၂၀၂၇-၂၀၂၈)ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ယခုလက်မှတ်ရေးထိုးသည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်(၂၀၂၇-၂၀၂၈)သည် ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ဝန်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ အတွေ့အကြုံနှင့် နည်းပညာဖလှယ်နိုင်ခြင်းများကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ယုံကြည်မှုကို ပိုမိုခိုင်မာအားကောင်းလာစေပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ပိုမိုအားကောင်း၍ များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ် Mr. A.V. Gutsan က တည်ခင်းဧည့်ခံခဲ့သော အလုပ်သဘော နေ့လယ်စာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့သည်။

ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ဆက်စပ်အစည်းအဝေးဖြစ်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးက ကြီးမှူးကျင်းပသည့် "နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်သော စီးပွားရေးဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို လျှော့ချခြင်း"အစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့သည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် (၁၁)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ "အရှေ့ဖျားစီးပွားရေးဒေသ ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်ရေး"ခေါင်းစဉ်ဖြင့် ကျင်းပသော မျက်နှာစုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

❖ ဝန်ကြီးဌာနပေါင်းစုံမှ

အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းက ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းက ဥပဒေရေးရာ ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက သာသနာရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း။

ယှဉ်ပြိုင်အနိုင်ရရှိ

ပထမအဆင့် ရှုံးထွက်ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီးဌာနအသင်းက ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ် ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက ကျန်းမာရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ် ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် လည်း ကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး ဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၅ ရက် နံနက် ၁၀ နာရီမှ စတင်၍ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)သုံးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲကွာတား ဖိုင်နယ်ပွဲစဉ်များအဖြစ် အားကစားရေးရာဝန်ကြီး ဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းနှင့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာ ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်များအပြီးတွင် အကြိုဗိုလ်လုပွဲပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကာ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို"အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

❒

## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၄

ရောဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့် (၁၁/၇) ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားကာ အိပ်ပဲ့ကျမှု ဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည် တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည် တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာအား တာမိုင် (၁၁/၅)နှင့် (၁၁/၆) ကြားယာယီပန်းတာတည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ မြစ်ကမ်းပါး ရေတိုက်စားမှုဒဏ် ကာကွယ်ရန်နှင့် ကမ်းပါးမြေ မပြိုကျစေရန် ထိန်းသိမ်းခြင်းလုပ်ငန်းဖြစ်သည့် ဝါးကရစ်ကွက်ရိုက်ခြင်း လုပ်ငန်းများကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

### ညှိနှိုင်းဆောင်ရွက်

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်း စစ်ဌာနချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဝေန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် စက်တင်ဘာ ၄

ရောဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ကျုံပျော်မြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၈ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၃ လက်မခန့်သာကျန်ရှိသဖြင့် ၁၀ လက်မခန့် ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၅ လက်မခန့်သာ ကျန်ရှိသဖြင့် ရှစ်လက်မခန့် ကျဆင်းသွားခဲ့ကြောင်း၊ ငသိုင်းချောင်းမြို့နယ်တွင် ဝေန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၈ ပေ ၅ လက်မခန့်သာကျန်ရှိသဖြင့် ၂ ပေ ၄ လက်မခန့်အထိ ကျဆင်းသွားခဲ့သည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်း တို့ကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများ ချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေန်ပန်း တာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

## ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို **"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို အိမ်သည် ဘေးအန္တရာယ်၏သက်ရောက်မှုကို ပထမဆုံးခံစားရသည့်နေရာဖြစ်သကဲ့သို့ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရည်ရှိမှုတည်ဆောက်ရေး၏ အဓိကနေရာလည်းဖြစ်သည့်အတွက် နေအိမ်များဘေးဒဏ်ခံနိုင်ရည်ရှိစေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ရပ်ရွာလူထုအပါအဝင် မိသားစုများအနေဖြင့် နေအိမ်များတည်ဆောက်ရာတွင် ဘေးကင်းလုံခြုံသောနေရာ၊ တည်ဆောက်မှုဆိုင်ရာ စံချိန်စံညွှန်းများ၊ မူဝါဒများနှင့် ပံ့ပိုးကူညီမှုများကို စနစ်တကျအသုံးချ၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အိမ်တစ်အိမ်ချင်း ဘေးအန္တရာယ်ကြံ့ကြံ့ခံရင်ဆိုင်နိုင်မှုမှသည် ရပ်ရွာအဆင့်၊ နိုင်ငံအဆင့်နှင့် ကမ္ဘာလုံးဆိုင်ရာအဆင့် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စေရေး ဆောင်ရွက်ရန်အချက်များကို ထည့်သွင်းစဉ်းစားရေးသား၍ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်-

(က) ကွန်ပျူတာစာလုံး(Pyidaungsu)၊ စာလုံးအရွယ်အစား ၁၃ (Font Size 13)၊ စာကြောင်း အကွာအဝေး ၁ ဒသမ ၃ (Line Spacing 1.3)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မ ပတ်လည် (Margins 1" ပတ်လည်)၊ Microsoft Word ဖြင့် A4 စာမျက်နှာ ၁၀ မျက်နှာထက်မပိုစေရ။

( ခ ) အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသော၊ ပုံနှိပ်ဖော်ပြထားသော စာမူများမဟုတ်ကြောင်းနှင့် ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ကာယကံရှင်လက်မှတ်ရေးထိုးထားသည့် ဝန်ခံကတိပြုလွှာနှင့် ကိုယ်ရေးအချက်အလက်အကျဉ်းတို့ကို ဆောင်းပါးနှင့်အတူ ပေးပို့ရမည်။

( ဂ ) သတ်မှတ်ရက်ကျော်လွန်ရောက်ရှိလာသော သတ်မှတ်ချက်များနှင့်မပြည့်စုံသောဆောင်းပါးများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ပြိုင်ပွဲဝင်စာမူများနှင့် ဆုရစာမူများကို သင့်လျော်သလို တရားဝင်အသုံးပြုသွားမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသောဆောင်းပါးများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် စိစစ်ရွေးချယ်မည်ဖြစ်ပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard/ Soft Copy) တစ်စုံစီ၊ ပြိုင်ပွဲဝင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ပတ်စပို့အရွယ် ရောင်စုံ ဓာတ်ပုံ(၂)ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းအမှတ်တို့နှင့်အတူ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်၊ တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁၊ Email လိပ်စာ cr.research23@gmail.com သို့ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၊ ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲသို့ စာပေဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန

■ စာမျက်နှာ ၂၄ မှ

အမျိုးအစားအလိုက်ခွဲခြားကာ စနစ်တကျ စွန့်ပစ်တတ်စေရန် အသိပညာပေးဟောပြောမှုကို ပရိဂျက်တာဖြင့်အသေးစိတ်ရှင်းလင်းမှုအစီအစဉ်အား ဆောင်ရွက်ခဲ့ပြီးနောက် ကျောင်းသား၊ ကျောင်းသူများ၏ အမှိုက်စွန့်ပစ်မှုစနစ်နှင့် ပတ်သက်၍ သိရှိလိုသည့် အကြောင်းအရာ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကာ ကျောင်းသား၊ ကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် မြို့တော်စည်ပင်သန့်ရှင်းရေးဌာန ဌာနမှူး ဦးမောင်မောင်မြင့်ကအမှိုက်များကို စနစ်တကျ ခွဲခြားစွန့်ပစ်ရန်အတွက် အမှိုက်ပုံးများကို သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား အမှိုက်စနစ်တကျစွန့်ပစ်ရေး အသိပညာပေးသရုပ်ပြအစီအစဉ်များကို တေးသီချင်းများဖြင့် ကပြခဲ့ပြီးနောက် နိုင်ငံကျော် အဆိုတော်များနှင့် အနုပညာရှင်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ အမှိုက်စနစ်တကျစွန့်ပစ်ရေးအသိပညာပေးအစီအစဉ်များကို စာသင်ကျောင်းများ၊ ဈေးများ၊ ရပ်ကွက်များ၊ Shopping Centre နှင့် Public Area များ၌ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအထိ အပတ်စဉ် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး တစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ



**နေပြည်တော် စက်တင်ဘာ ၄**

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက်အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter – Terrorism Operation)များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများကို အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လျက်ရှိရာ PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ကြပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့် အတူပါရှိလာသည့် အမ်-၁၆ သေနတ် တစ်လက်၊ ကာဘိုင်သေနတ် နှစ်လက်၊ ၉ မမပစ္စတို သေနတ် လေးလက်၊ ပွိုင့်-၃၈ ပစ္စတို သေနတ် တစ်လက်၊ လက်လုပ်ပစ္စတိုသေနတ်တစ်လက်၊ လက်ပစ်ဗုံး လေးလုံး၊ လမ်းလျှောက်စကားပြောစက် သုံးလုံး၊ ကျည်အိမ် ခြောက်ခုနှင့် ကျည်မျိုးစုံ ၆၆ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ် သုံးလက်အတွက် ငွေကျပ်သိန်း ၁၅၀၊ လက်လုပ်သေနတ်တစ်လက်အတွက် ငွေကျပ် ငါးသိန်း၊ ပစ္စတိုသေနတ်ငါးလက်အတွက် ငွေကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံးလေးလုံးအတွက် ငွေကျပ် ၁၂ သိန်း၊ လမ်းလျှောက်စကားပြောစက် သုံးလုံးအတွက် ငွေကျပ် ခြောက်သိန်း စုစုပေါင်း ငွေကျပ် ၂၇၃ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ၁၇ ဦးအတွက် ဆုကြေးငွေများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ထို့နောက်ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြရာ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ အမျိုးသား တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်မှ အမျိုးသမီး တစ်ဦး၊ မော်ဘီမြို့နယ်မှ အမျိုးသားတစ်ဦး၊ လှိုင်သာယာမြို့နယ်မှ အမျိုးသား တစ်ဦး၊ မိချောင်းအိုင်ရွာသစ်မှ အမျိုးသား တစ်ဦး၊ မြောက်ဒဂုံမြို့နယ်မှ အမျိုးသား တစ်ဦး၊ ကျောက်တန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မှ အမျိုးသား တစ်ဦး၊ ဝေါမြို့နယ်မှ အမျိုးသား တစ်ဦး၊ သနပ်ပင်မြို့နယ်မှ အမျိုးသား တစ်ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်မှ အမျိုးသား တစ်ဦး၊ ကရင်ပြည်နယ်၊ ကျုံဒိုးမြို့နယ်မှ အမျိုးသား တစ်ဦး၊ မြဝတီမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်မှ အမျိုးသားတစ်ဦးနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ အမျိုးသား နှစ်ဦး စုစုပေါင်း ၁၇ ဦးတို့ ဖြစ်ကြောင်း သိရသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ (၂၇)ကြိမ်မြောက် မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကြည့်ရှုအားပေး



**မန္တလေး စက်တင်ဘာ ၄**

(၂၇)ကြိမ်မြောက် မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ဒုတိယနေ့ ပြိုင်ပွဲများအဖြစ် ပုသိမ်ကြီးမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)ခန်းမ အသီးသီးတို့၌ ကျင်းပလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဂီအောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူများက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဒုတိယနေ့ ပြိုင်ပွဲများမှာ တစ်ဦးချင်းအက အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အခြေခံပညာအသက် ၁၀ နှစ်မှ ၁၅ နှစ် အဆင့် အမျိုးသား၊ အမျိုးသမီး၊ အရေးပြိုင်ပွဲများ၊ စန္ဒရားအဆင့်မြင့်ပညာအဆင့်(အမျိုးသား)၊ (အမျိုးသမီး)၊ အခြေခံပညာအသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း အဆင့်(အမျိုးသား)၊ အဆိုပြိုင်ပွဲခေတ်ဟောင်းဝါသနာရှင်(ဒုတိယတန်း) အမျိုးသား၊ ကာလပေါ်အဆင့်မြင့်ပညာအဆင့်(အမျိုးသား)၊ (အမျိုးသမီး)၊ အခြေခံပညာအသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း အဆင့် (အမျိုးသား)၊ အခြေခံပညာအသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း အဆင့်(အမျိုးသမီး)၊ မဟာဂီတ အခြေခံပညာ အသက် ၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း အဆင့်(အမျိုးသား)၊ (အမျိုးသမီး)၊ ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား)၊ (အမျိုးသမီး)၊ ဝါသနာရှင်(ပထမတန်း)၊ (အမျိုးသား)၊ (အမျိုးသမီး)၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေး၊ နှဲ၊ ပလွေ၊ ပတ္တလား၊ တယော၊ ဒုံမင်းနှင့်ဆိုင်းအဖွဲ့လိုက်တို့ ပြိုင်ပွဲဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ရွှေရန်ကင်း

# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)တွင် ပဲပုပ်နှင့် မြေပဲစိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့် လှစ်ပို့ချ




**မန္တလေး စက်တင်ဘာ ၄**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)၊ တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး(DHCC)၊ တက်ဟုန်းပြည်နယ်ခွဲစိုက်ပျိုးရေး နည်းပညာမြှင့်တင်ရေးစင်တာ၊ မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစူပါစင်တာ (၄)လွှာ (MRCCI)တွင် ယနေ့က ပဲပုပ်နှင့်မြေပဲစိုက်ပျိုးရေးနည်းပညာများအား ဖွင့်လှစ်ပို့ချပေးခဲ့ရာ သင်တန်းသား ၂၂ ဦး တက်ရောက်ခဲ့ပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန၊ တက်ဟုန်းပြည်နယ်ခွဲကုန်သည်ကြီးများအသင်းမြန်မာကိုယ်စားလှယ်ရုံး၊ တက်ဟုန်းပြည်နယ်ခွဲ စိုက်ပျိုးရေးနည်းပညာမြှင့်တင်ရေးစင်တာတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းနှင့် ယနေ့ညနေပိုင်းက သင်တန်းဆင်းပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၄)

**ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။**




## ဗြိတိန်လအတွက် ဆော်ဒီလိဂ်ပြိုင်ပွဲ တစ်လတာအကောင်းဆုံး နည်းပြဆုကို ပိုစတီကိုဂလူး ဆွတ်ခူး



**ရီယာ့ဒ် စက်တင်ဘာ ၄**

ဆော်ဒီလိဂ်ပြိုင်ပွဲမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံး နည်းပြဆုကို အယ်လ်နာဆာအသင်း နည်းပြ ပိုစတီကိုဂလူးက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါနည်းပြသည် ဩဂုတ်လအတွင်း အယ်လ်နာဆာအသင်းကို ဆော်ဒီလိဂ်ပြိုင်ပွဲ လေးပွဲကိုင်တွယ်ခဲ့ လေးပွဲစလုံး ရာနှုန်းပြည့် နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၆၁)နှစ်အရွယ်ရှိ ပိုစတီကိုဂလူးက "ကျွန်တော် အခုလို တစ်လတာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အသင်းသားတွေရဲ့ ကြိုးစားမှုကြောင့်သာ ယခုဆုကို ရရှိခဲ့တာပါ။ အယ်လ်နာဆာအသင်းနဲ့အတူ ဆုဖလားများစွာ ရယူနိုင်အောင်လည်း ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အပေါ်ပုံ)** (NGB)



## ဒူဘာယ်ရီ ဘရိုက်တန်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် စက်တင်ဘာ ၄**

ဘရိုက်တန်အသင်းသည် အသင်းလူငယ် တောင်ပံကစားသမား ဒူဘာယ်ရီကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(အပေါ်ပုံ)**

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဘရိုက်တန်အသင်းထုတ်ပြန်ချက်တွင် "ဒူဘာယ်ရီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့လည်း စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကစားသမားတွေကို သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(NGB)

## ဘူအာနာနီကို တစ်ရာသီအငှားစာချုပ်ဖြင့် ရိန်းဂျားစ်အသင်းခေါ်ယူ

**မြူးနစ် စက်တင်ဘာ ၄**

ရိန်းဂျားစ်အသင်းသည် စတုဂတ်အသင်း တောင်ပံကစားသမား ဘူအာနာနီကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ရိန်းဂျားစ်အသင်းတွင် ကျောနံပါတ် (၂၆)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ဘူအာနာနီသည် စတုဂတ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၈ ပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရိန်းဂျားစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရိန်းဂျားစ်အသင်းသည် နွေရာသီဈေးကွက်အတွင်းတွင် ကစားသမား ၁၃ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အောက်ပုံ)** (NGB)



## 2026 US Open အမျိုးသားတင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Carlos Alcaraz တက်ရောက်

**နယူးယောက်ခ် စက်တင်ဘာ ၄**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။



အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2026 US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပေါ်တူဂီတင်းနစ်ကစားသမား Jaime Faria ကို ၄-၆ ၊ ၆-၀ ၊ ၆-၃၊ ၆-၂ ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် တရုတ်တင်းနစ်ကစားသမား Wu Yibing တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၉-၂၀၂၆ ည ၈း၀၀နာရီ | လေဗာကူဆင် - ယူနီယံဘာလင် | လေဗာကူဆင် ၂-၀ ယူနီယံဘာလင်<br>ယူနီယံဘာလင် ၁-၀ လေဗာကူဆင် |
| ״ | ဟော်ဖန်ဟိမ်း - ဒေါ့မွန် | ဟော်ဖန်ဟိမ်း ၂-၁ ဒေါ့မွန်<br>ဒေါ့မွန် ၂-၀ ဟော်ဖန်ဟိမ်း |
| ״ | ဝဲဒါဘရီမင် - လိုက်ပဇစ် | ဝဲဒါဘရီမင် ၁-၂ လိုက်ပဇစ်<br>လိုက်ပဇစ် ၂-၀ ဝဲဒါဘရီမင် |
| ״ | ပါဒါဘွန်း - ဖရိုင်းဘတ် | ပါဒါဘွန်း ၁-၃ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၀-၂ ပါဒါဘွန်း |
| ၅-၉-၂၀၂၆ ည ၁၁း၀၀နာရီ | ဂျော်လ်ကေး - ဘိုင်ယန်မြူးနစ် | ဂျော်လ်ကေး ၀-၂ ဘိုင်ယန်မြူးနစ်<br>ဘိုင်ယန်မြူးနစ် ၆-၀ ဂျော်လ်ကေး |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၉-၂၀၂၆ ည ၈း၃၀နာရီ | ဝက်စ်ဟမ်း - ဒါဘီ | ဝက်စ်ဟမ်း ၃-၁ ဒါဘီ<br>ဒါဘီ ၂-၁ ဝက်စ်ဟမ်း |
| ״ | ဝက်စ်ဘရွန်း - ဝက်ဖို့ဒ် | ဝက်စ်ဘရွန်း ၃-၀ ဝက်ဖို့ဒ်<br>ဝက်ဖို့ဒ် ၂-၁ ဝက်စ်ဘရွန်း |

### မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၅-၉-၂၀၂၆ စနေနေ့ | ညနေ၃း၃၀နာရီ | မြဝတီ - ရှမ်း | မြဝတီ ၁-၅ ရှမ်း<br>ရှမ်း ၁-၀ မြဝတီ |
| ״ | ״ | သစ္စာအားမာန် - ဟံသာဝတီ | သစ္စာအားမာန် ၁-၂ ဟံသာဝတီ<br>ဟံသာဝတီ ၀-၀ သစ္စာအားမာန် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၉-၂၀၂၆ ည ၈း ၄၅နာရီ | ဘီလ်ဘာအို - အက်သလက်တီကို | ဘီလ်ဘာအို ၁-၀ အက်သလက်တီကို<br>အက်သလက်တီကို ၃-၂ ဘီလ်ဘာအို |
| ၅-၉-၂၀၂၆ ည၁၁း၀၀နာရီ | ဗယ်လက်ကာနို - ရေးဆင်း | ဗယ်လက်ကာနို ၄-၂ ရေးဆင်း<br>ရေးဆင်း ၁-၁ ဗယ်လက်ကာနို |
| ၆-၉-၂၀၂၆ နံနက်၀၁း၃၀နာရီ | ဗီလာရီးရဲလ် - ဒီပို့တီဗို | ဗီလာရီးရဲလ် ၁-၁ ဒီပို့တီဗို<br>ဒီပို့တီဗို ၂-၄ ဗီလာရီးရဲလ် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၉-၂၀၂၆ ညနေ ၆း၀၀နာရီ | နယူးကာဆယ် - ဘုန်းမောက် | နယူးကာဆယ် ၁-၂ ဘုန်းမောက်<br>ဘုန်းမောက် ၀-၀ နယူးကာဆယ် |
| ၅-၉-၂၀၂၆ ည ၈း၃၀နာရီ | ဘရန့်ဖို့ဒ် - ဆန်းဒါးလန်း | ဘရန့်ဖို့ဒ် ၃-၀ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၂-၁ ဘရန့်ဖို့ဒ် |
| ״ | ဘရိုက်တန် - လိဒ်စ် | ဘရိုက်တန် ၃-၀ လိဒ်စ်<br>လိဒ်စ် ၁-၀ ဘရိုက်တန် |
| ״ | ဖူလ်ဟမ် - ပဲလေ့စ် | ဖူလ်ဟမ် ၁-၂ ပဲလေ့စ်<br>ပဲလေ့စ် ၁-၁ ဖူလ်ဟမ် |
| ״ | မန်စီးတီး - ကိုဗင်ထရီ | ———— |
| ״ | နော်တင်ဟမ် - ဧဗါး | နော်တင်ဟမ် ၃-၀ ဧဗါး<br>ဧဗါး ၀-၃ နော်တင်ဟမ် |
| ၅-၉-၂၀၂၆ ည ၁၁း၀၀နာရီ | ဟားလ်စီးတီး - အက်စတွန်ဗီလာ | ဟားလ်စီးတီး ၂-၀ အက်စတွန်ဗီလာ<br>အက်စတွန်ဗီလာ ၂-၁ ဟားလ်စီးတီး |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၉-၂၀၂၆ ည ၉း၄၅နာရီ | လန်းစ် - လိုရီယန့် | လန်းစ် ၃-၀ လိုရီယန့်<br>လိုရီယန့် ၂-၁ လန်းစ် |
| ၆-၉-၂၀၂၆ နံနက်၀၁း၁၅နာရီ | လီဟာဗာ - ဘရက်စ် | လီဟာဗာ ၁-၀ ဘရက်စ်<br>ဘရက်စ် ၂-၀ လီဟာဗာ |
| ״ | နိစ် - လီမက်စ် | ———— |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၅-၉-၂၀၂၆ ည၇း၃၀နာရီ | ဗီအိုရင်တီးနား - တိုရီနို | ဗီအိုရင်တီးနား ၂-၂ တိုရီနို<br>တိုရီနို ၀-၀ ဗီအိုရင်တီးနား |
| ၅-၉-၂၀၂၆ ည၁၀း၃၀နာရီ | အင်တာမီလန် - နာပိုလီ | အင်တာမီလန် ၂-၂ နာပိုလီ<br>နာပိုလီ ၃-၁ အင်တာမီလန် |
| ၆-၉-၂၀၂၆ နံနက် ၀၁း၁၅နာရီ | ရိုးမား - အတ္တလန္တာ | ရိုးမား ၁-၁ အတ္တလန္တာ<br>အတ္တလန္တာ ၁-၀ ရိုးမား |

## ဥပုသ်နေ့တိုင်း တရားစခန်းဖွင့်လှစ်မည်

**မန္တလေး စက်တင်ဘာ ၄**

မန္တလေးမြို့၊ လမ်း ၆၀ ရှိ မဟာဝိဇယကျောင်းတိုက်၌ နာယကဆရာတော်ဘဒ္ဒန္တဝိစာရ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒက နှင့် ဂေါပကအဖွဲ့၊ ယောဂီအဖွဲ့တို့ ဦးစီး၍ ဝါတွင်းကာလ ဒုတိယ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဥပုသ်နေ့တိုင်း တရားစခန်းဖွင့်လှစ်သွားမည်ဖြစ်သည်။


အဆိုပါတရားစခန်းဖွင့်လှစ်သည့် ဥပုသ်နေ့တိုင်း နံနက် ၉ နာရီတွင် ပရိတ်ကံရွတ်ဆိုပြီး တရားထိုင်၍ နံနက် ၁၀ နာရီတွင် သီလခံယူဆောက်တည်ခြင်း၊ နံနက် ၁၀ နာရီခွဲတွင် မေတ္တာပို့၍ အာဟာရသုံးဆောင်ခြင်း၊ နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဗုဒ္ဓါနုဿတိပွားများပြီး အနားယူခြင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ တရားထိုင် တရားအားထုတ်ခြင်း၊ မွန်းလွဲ ၁ နာရီမှ မွန်းလွဲ ၂ နာရီအထိ အနုဿတိ တစ်ပါးပါးပွားများ၍ အနားယူခြင်း၊ မွန်းလွဲ ၂နာရီတွင် အလုပ်ပေးတရားနာယူခြင်း၊ ညနေ ၃ နာရီခွဲမှ ၄ နာရီခွဲအထိ တရားထိုင်တရားအားထုတ်ခြင်း၊ ညနေ ၄ နာရီခွဲတွင် ဆုတောင်းအမျှဝေ၍ တစ်နေ့တာတရားစခန်းသိမ်းခြင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ဝါတွင်းအပတ်စဉ် တရားစခန်းတွင် အာဟာရဒါနကုသိုလ်ရှင်များအဖြစ် ဦးစိုးမင်း+ဒေါ်လဲ့လဲ့အေး-ဦးမောင်အေး(အိမ်ခြံမြေအကျိုးဆောင်)၊ ဦးကျော်ကျော်ဦး+ဒေါ်ရီရီမြင့်-ဦးအောင်နိုင်+ဒေါ်သီသီခိုင်(သန့်ကြည်မွန်ရေခဲမုန့်) ဦးအောင်ဇော်လွင်+ဒေါ်မြဝတ်ရည်မိုး၊ (သမီး)မရတီလွင်၊ မသီဂီလွင်၊ (သား)မောင်လင်းမြင့်-ဒေါ်လှိုင်လှိုင်သိန်းမိသားစု(ရွှေစံအိမ်အထည်ချုပ်)မိသားစု-ဒေါ်သန္တာ(အိမ်ခြံမြေအကျိုးဆောင်)-ဒေါ်တင်မြမိသားစု-မဟာဝိဇယဆရာတော်နှင့် ယောဂီအဖွဲ့+ဒေါ်နီတွတ်၊ (သား)ဦးချစ်သူ၊ ဦးအောင်မြင့်ရည်စူး၍ ဒေါ်ဝင်းရီ မိသားစု ဦးဘိုဘိုအား ရည်စူး၍ ဒေါ်ညွန့်(အောင်ရတနာ)မိသားစု၊ ဦးမိုးဆွေ+ဒေါ်ထိန်မေစန်းမိသားစုတို့မှ ကုသိုလ်ပြုကြမည်ဖြစ်ကြောင်း သိရသည်။ (ဝ၅၁)

## Mandalay Convention Centre (MCC) နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ် (တ-၇/ခ)၊ ဦးပိုင်အမှတ်(၂)ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် Mandalay Convention Centre (MCC) အား ၁-၁၀-၂၀၂၅ရက်နေ့မှစ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တိုက်ရိုက်စီမံခန့်ခွဲပြီး ငလျင်ကြောင့် ပျက်စီးမှုများကို ပြန်လည်ပြင်ဆင်လျက်ရှိပါသည်။ Mandalay Convention Centre (MCC)နှင့် ပတ်သက်၍ မည်သည့်အဖွဲ့အစည်း၊ ကုမ္ပဏီ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမျှ အငှားချထားခြင်း၊ လုပ်ပိုင်ခွင့်ပေးခြင်းများ မပြုထားပါကြောင်းနှင့် **Mandalay Convention Centre (MCC)နှင့်ပတ်သက်၍ ဆောင်ရွက်ရန် ကိစ္စရပ်များရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စီမံရေးရာဌာနသို့သာ** တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




## လက်ထောက်မီးသတ်ဦးစီးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားသူများအား ရာထူးအဆင့်တံဆိပ်များ တပ်ဆင်ပေး

**မန္တလေး စက်တင်ဘာ ၄**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနက မီးသတ်တပ်ကြပ်ကြီးရာထူးမှ လက်ထောက် မီးသတ်ဦးစီးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသော မန္တလေးခရိုင်အတွင်းမှ တပ်ဖွဲ့ဝင်များအား ရာထူးအဆင့်တံဆိပ်များ တပ်ဆင်ပေးအပ်ခြင်းကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုးနှင့် ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးက ဂုဏ်ပြုအမှာစကားပြောကြားပြီး မန္တလေးခရိုင်အတွင်းရှိ မီးသတ်တပ်ကြပ်ကြီးရာထူးမှ လက်ထောက်မီးသတ်ဦးစီးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသော တပ်ဖွဲ့ဝင် ခြောက်ဦးအား ရာထူးအဆင့်တံဆိပ်များ တပ်ဆင်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၅)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး (Talk Show) ကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၄**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre)တွင် အပြည်ပြည်ဆိုင်ရာ လေထုနေ့ အထိမ်းအမှတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး (Talk Show) ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါဆွေးနွေးပွဲကို "ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေ ဖန်တီးစို့" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး အပြည်ပြည်ဆိုင်ရာ လေထုနေ့ဖြစ်ပေါ်လာပုံ၊ ရည်ရွယ်ချက်နှင့် ဆောင်ပုဒ်၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အကြောင်းအရင်းများနှင့် ဆိုးကျိုးများ၊ လေထုညစ်ညမ်းမှု လျော့နည်းအောင် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထက်ဖြိုးဝေတို့က ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မေဝတီ(ပုသိမ်ကြီး)**




## ပဲပုပ်စိုက်ခင်းများအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ဟိုပုံး စက်တင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ပဲပုပ်စိုက်ခင်းများအား ယမန်နေ့က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းနှင့် တာဝန်ရှိသူများက ပဲပုပ်စိုက်ပျိုးထားရှိသည့် အခြေအနေ၊ အပင်များ၏ ကြီးထွားဖြစ်ထွန်းမှု၊ မြေဆီလွှာအခြေအနေ၊ ပိုးမွှားနှင့် ရောဂါကျရောက်မှုအခြေအနေများကို ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပဲပုပ် အထွက်နှုန်းကောင်းမွန်စေရေး၊ အရည်အသွေးပြည့်မီသည့် သီးနှံများထုတ်လုပ်နိုင်ရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များ၊ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ ပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

## အုတ်ရေမြောင်းနှင့် မြောင်းဖုံး တည်ဆောက်ခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၅ သန်းဖြင့် ပခုက္ကူမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းသွယ်မှ ရွှေပေါက်ပင်တိုက်လမ်းအထိ ကျောင်းတော်ရာလမ်း အုတ်ရေမြောင်းနှင့် မြောင်းဖုံးတည်ဆောက်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ယမန်နေ့ မွန်းလွဲ ၃ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကော်မတီဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၃၄၀)



## ပုဗ္ဗသီရိမြို့နယ်၊ ကံသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**နေပြည်တော် စက်တင်ဘာ ၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဗ္ဗန်ဆိပ်ကျေးရွာအုပ်စု၊ ကံသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အငှမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်၊ လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်၊ စီမံကိန်းမှ တိုးပွားလာသော အတိုးငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကံသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၈ ဦးကို ငွေကျပ် ၃၂ ဒသမ ၇သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ဦးကို ငွေကျပ် ၁၁ ဒသမ ၉၅သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၁ ဒသမ ၃၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) နော်လူး



# စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

**လှိုင်ကော် စက်တင်ဘာ ၄**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်တွင်း စားရေရိက္ခာဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်အောင် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များလိုက်ပါလျက် မွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်မည့်အခြေအနေများ၊ သီးနှံအခြောက်ခံစက်ရုံ လည်ပတ်နေမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အဖုံးပါ ကျောက်စီရေမြောင်း တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် နောင်ယား(ခ)ရပ်ကွက်သို့ ရောက်ရှိပြီး အခြေခံပညာကျောင်းသား၊ ကျောင်းသူများ အာဟာရဖြည့်စွက်စာ နွားနို့တိုက်ကျွေးနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် နို့စားနွားကောင်ရေ ၅၂ ကောင် မွေးမြူရန် ခြံမြေနေရာရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေနီကန်ကျေးရွာသို့ သွားရောက်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်သည့် စံပြသရုပ်ပြဥစားကြက် မွေးမြူရေးခြံ တည်ဆောက်နေမှုနှင့် ပြည်နယ်တွင်း ကြက်ဥဖူလုံစေရေး ဥစားကြက်များ ထပ်မံမွေးမြူနိုင်ရန် မွေးမြူရေးခြံတည်ဆောက်မည့်မြေနေရာများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အခြေစိုက်ပျားဘုရင်မမွေးမြူရေးစခန်း၌ မွေးမြူထားရှိသည့် ပျားများအတွက် ပျားစာရ ပန်းနှမ်းများအပြင် ဆီထွက်သီးနှံနေကြာကိုလည်း ထပ်မံတိုးချဲ့စိုက်ပျိုးရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ရေနီကန်ကျေးရွာရှိ Treasure Corn Company Limited သီးနှံအခြောက်ခံစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က အရည်အသွေးပြည့်မီသည့် သီးနှံများတင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လှိုင်ကော်မြို့ ဇက ၅၀၀ -နမ့်ဘော်ဝမ်(ရှမ်း) လမ်းပေါ်တွင် အရှည် ပေ ၂၈၄၀ အဖုံးပါကျောက်စီရေမြောင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၃၆၈)**

## (၇၂)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၄**

မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်၊ ဦးနန္ဒ(နန္ဒလောကမင်း)၊ အဖွဲ့ဝင်-၂၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ချမ်းအေးသာစံမြို့နယ် (ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာအလှူရှင်)သည် စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် ဇီဝိတဒါနအဖြစ် (၇၂)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၁)**



## (၄၄)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာမှ အယ်ဒီတာ ဦးအောင်မျိုးမြတ်(မျက်ကြည်လွှာအလှူရှင်)သည် စက်တင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် ဇီဝိတဒါနအဖြစ် (၄၄)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) (၀၄၀)**



## အရန်မီးသတ်တပ်ဖွဲ့အတွက် အလှူငွေလှူဒါန်း

**မန္တလေး စက်တင်ဘာ ၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်(၁၀၀)၊ ၁၉လမ်း၊ ၈၉ လမ်းနှင့် လမ်း၉၀ကြားရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၃ ရက် နံနက် ၁၁ နာရီက မင်းတဲအီကင်းရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့အတွက် အလှူငွေလှူဒါန်းပွဲကျင်းပရာ အောင်မြေသာစံမြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၂)၊ အရန်မီးသတ်တပ်ခွဲမှူး တင်မောင်ဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းနှင့် ရာအိမ်မှူးများ တက်ရောက်ကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးက မင်းတဲအီကင်းရပ်ကွက် အရန်မီးသတ်စခန်းတွင် လိုအပ်လျက်ရှိသော ကူညီကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူရန်အတွက် အလှူငွေကျပ်ခုနစ်သိန်းအား ပေးအပ်လှူဒါန်းခဲ့ရာ အရန်မီးသတ်တပ်ခွဲမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၀၇၀)**



## စာဖတ်စွမ်းရည်နှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာအုပ်၊ စာစောင်ပြပွဲကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေး၊ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာအုပ်၊ စာစောင်ပြပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက အမှာစကားပြောကြားသည်။ ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပရာ အမှတ်(၁)အခြေခံပညာကျောင်းမှ အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**



## သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများအား ကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြား

**မန္တလေး စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ အမှုထမ်းဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရေး၊ ကွန်ပျူတာပညာရပ်ကို စနစ်တကျ ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရေးတို့အတွက် ရည်ရွယ်၍ ကွန်ပျူတာသင်တန်းကို မကွေးမြို့ရှိ သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်ကျောင်း၌ ရုံးချိန်ပြင်ပတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို ဩဂုတ်လ ပထမပတ်မှစတင်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ အမှုထမ်းဝန်ထမ်း ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းနည်းပြ လေးဦးက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိသည်။

သင်တန်းကာလမှာ တစ်လခွဲကြာမြင့်မည်ဖြစ်ပြီး ဝန်ထမ်းများ၏ ရုံးလုပ်ငန်းများကို ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ကွန်ပျူတာအခြေခံနှင့် အသုံးချနည်းပညာရပ်များကို အသေးစိတ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

*-*-*-*-*

## အခြေခံပညာကျောင်းပေါင်းစုံ U(13) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ U(13) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို မြို့နယ်အားကစားကွင်း၌ ယမန်နေ့ ညနေပိုင်းက ကျင်းပခဲ့သည်။



ဗိုလ်လုပွဲတွင် အ·ထ·က (၂၄)အသင်းနှင့် အလင်းအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အ·ထ·က(၂၄)အသင်းက အနိုင်ရရှိသွားသည်။

ဆုချီးမြှင့်ပွဲတွင် မဟာအောင်မြေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မဟာအောင်မြေ မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆုနှင့်နှစ်သိမ့်ဆုများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ ဂိုးသမားဆု၊ ရှေ့တန်းဆု၊ အလယ်တန်းဆု၊ နောက်တန်းဆုများအား အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) (၀၅၆)**

# တရားဦးဓမ္မစကြာတရားတော်(၄)

ဒေါက်တာခင်ဝင်းကြည်

ဓမ္မစကြာတရားတော် ဆိုတဲ့ **ဓမ္မစက္က ပဝတ္တန်သုတ္တန်**တရားတော်ကို မြတ်စွာဘုရားရှင် ဂေါတမဗုဒ္ဓဟာ အနောက်တိုင်းပြက္ခဒိန်အရ ယေရှုခရစ်တော်မပေါ်ပေါက်မီ နှစ်ပေါင်း(၅၈၈) နှစ် ပိုစောတဲ့ကာလ **ဘီစီ(၅၈၈)** ဓူလိုင်လ လောက်မှာ ဟောကြားခဲ့တာဖြစ်လို့ အခု အေဒီ ၂၀၂၆၊ ဇူလိုင်လလောက်မှာဆိုရင် **နှစ်ပေါင်း (၂၆၁၄)**ရှိခဲ့ပါပြီ။

**ဓမ္မ** = တရား၊ **စက္က** = စက်၊ ရဟတ်
**ပဝတ္တန** = လိမ်လည်ခြင်း၊ လည်ပတ်ခြင်း
**သုတ္တန်** = သုတ် = အနက်အဓိပ္ပာယ်ကို အကျဉ်းအားဖြင့် တင်ပြခြင်း
**(ပါဠိ-မြန်မာအဘိဓာန် စာ-၃၅၆၊ ၅၈၂၊ ၉၀၈)**
**ဘီစီ** = Before Christ ခရစ်ယာန်ဘာသာ၏ တမန်တော် ယေရှုခရစ်တော်မပေါ်ပေါက်မီအချိန်
**အေဒီ** = After Death ခရစ်တော် ကွယ်လွန်ပြီးသည့်နှစ်မှစ၍ ရေတွက်သော အချိန်ကာလ

ဓမ္မစကြာဒေသနာတော်(ဒေသနာ=ဟောကြားခြင်း)မှာ ဂါထာပေါင်း (၃၀)ပါရှိပါတယ်။

**ဂါထာ(၁) ဓမ္မစကြာနိဒါန်း**

ဘုရားရှင် သက်တော်(၈၀)၊ ဝါတော်(၄၅) ဝါအရမှာ ပရိနိဗ္ဗာန်စံတော်မူခဲ့ပါတယ်။ **သက်တော်(၃၅)နှစ်**အရွယ်မှာ **သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိပြီး** ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်သည်မှစ၍ အိန္ဒိယ အရှေ့မြောက်ပိုင်းတစ်ခွင်မှာ ဒေသစာရီ လှည့်လည်ကြွချီတော်မူ၍ ဓမ္မတရားတော်များကို မရပ်မနား ဟောကြားတော်မူခဲ့ပါတယ်။

အားလုံးသိကြတဲ့အတိုင်း မြတ်စွာဘုရားရှင်ဟာ **သံဃာတော်များနဲ့ပတ်သက်လို့ စောင့်ထိန်းရမယ့်** ဝိနည်းသိက္ခာပုဒ်တွေ **(စည်းမျဉ်းစည်းကမ်းတွေ)**ကို လက်တွေ့ဘဝမှာ ကြုံတွေ့ရတဲ့ အခြေအနေတွေပေါ်မူတည်ပြီး ဝိနည်းသိက္ခာပုဒ်တွေကို တစ်ခုပြီးတစ်ခု **ချမှတ်တော်မူခဲ့ပါတယ်**။ ဒါလည်း **လိုအပ်လို့ပါ**။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးကအစ ရဟန်းတစ်ပါးအတွက် လိုအပ်တဲ့ ပစ္စည်းအားလုံးကို ဒါယကာ၊ ဒါယိကာမတို့မှ သဒ္ဓါကြည်ဖြူ လှူဒါန်းနေကြတာဖြစ်လို့ သူတို့တစ်တွေရဲ့ သဒ္ဓါကြည်ဖြူနေတဲ့ စိတ်ကို ပျက်ပြယ်သွားစေလို့ မဖြစ်ဘူးလေ။ ဒါကြောင့်လည်း သံဃာ့အဖွဲ့အစည်းမှာရှိတဲ့ ရဟန်းတွေကို **တိကျပြတ်သားတဲ့**၊ တင်းကျပ်တဲ့ **စည်းကမ်းတွေ** ချမှတ်တော်မူခဲ့တာ ဖြစ်ပါတယ်။

ရဟန်းကောင်း၊ ရဟန်းမြတ်များအနေနဲ့ကတော့ ဝိနည်းသိက္ခာပုဒ်တွေ ဘယ်လောက်များများ **(အကျဉ်းအားဖြင့် ၂၂၇ သွယ်သော သိက္ခာပုဒ်တွေရှိတာ)** ဘာမှ အခက်အခဲမရှိလှပါဘူး။

ဒါပေမဲ့ အချို့ရဟန်းတွေအတွက်တော့ သတ်မှတ်ချက်စည်းမျဉ်းစည်းကမ်းတွေ များလှချေလား၊ အနေအထိုင် ကျုံ့လိုက်တာလို့ဖြစ်သွားဟန်တူပါတယ်။

ဒါနဲ့ပဲ ဘုရားရှင် ဘီစီ ၅၄၃ **ပရိနိဗ္ဗာန်လည်းစံ**ရော **သုဘဒ်**ဆိုတဲ့ ရဟန်းဆီက ဘုရားမရှိတော့ ဟိုဟာဝိနည်းမလွတ်ဘူး၊ ဒီဟာ ဝိနည်းမလွတ်ဘူး ဆိုပြီး **ပညတ်မယ့်ပုဂ္ဂိုလ်မရှိတော့တာပေါ့**ဆိုတဲ့ အပြောမျိုးတွေ ထွက်လာပါတော့မယ်။ ဒီလို လျှော့ရဲတဲ့ **ပေါ့ပျက်ပျက်စကားတွေကြောင့်** သာသနာတော်ကြီး ပျက်စီးသွားမှာကို စိုးရိမ်တော်မူတဲ့အတွက် ဘုရားပရိနိဗ္ဗာန်စံပြီး **(၄)လအကြာမှာ ရှင်မဟာကဿပ မထေရ်မြတ် ဦးစီးဦးဆောင်ပြုပြီး ပထမသင်္ဂါယနာတင်တော်မူခဲ့ပါတယ်**။

**သံ** = စုပေါင်း၍
**ဂါယန** = ရွတ်ဆိုသည်

ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ တရားတော်များအားလုံးကို နှုတ်တက်အာဂုံဆောင်ထားတော်မူခဲ့ကြသည့် **ရဟန္တာအရှင်သူမြတ်(၅၀၀)**တို့က **စုပေါင်းရွတ်ဆိုပူဇော်ရင်း** သင်္ဂါယနာတင်ခဲ့ကြပါတယ်။

ရွတ်ဆိုပူဇော်ရာမှာ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် **မူရင်းပါဠိတော်အတိုင်း** တစ်လုံးတစ်ပါဒမျှမကျန်၊ ဘာကိုမှ **ဖြည့်စွက်ခြင်း၊ ထုတ်နုတ်ခြင်းမပြုဘဲ** အတိအကျရွတ်ဆိုပူဇော်တော်မူခဲ့ကြခြင်း ဖြစ်ပါတယ်။

ယင်းပထမသင်္ဂါယနာမှသည် **ဆဋ္ဌသင်္ဂါယနာသို့တိုင်** သင်္ဂါယနာတိုင်းမှာ ပထမသင်္ဂါယနာမှာ ရွတ်ဆိုပူဇော်ခဲ့ကြသည့် မူလပါဠိတော်အတိုင်း တစ်သဝေမတိမ်း **ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်မှာ** ကျွန်မ ပြောခဲ့တဲ့အတိုင်း ယခု(၂၀၂၆)၊ ဇူလိုင်လမှာဆိုလျှင် **နှစ်ပေါင်း(၂၆၁၄)** ရှိခဲ့ပါပြီ။ အကြိမ်ကြိမ် ဦးညွတ်ပူဇော်မိပါတယ်။

ဘုရားပရိနိဗ္ဗာန်စံပြီး (၄)လအကြာမှာ ရှင်မဟာကဿပ မထေရ်မြတ် ဦးစီးဦးဆောင်ပြုပြီး ပထမသင်္ဂါယနာတင်တော်မူခဲ့ပါတယ်။

ဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ တရားတော်များအားလုံးကို နှုတ်တက်အာဂုံဆောင်ထားတော်မူခဲ့ကြသည့် ရဟန္တာအရှင်သူမြတ်(၅၀၀)တို့က စုပေါင်းရွတ်ဆိုပူဇော်ရင်း သင်္ဂါယနာတင်ခဲ့ကြပါတယ်။

ရွတ်ဆိုပူဇော်ရာမှာ ဘုရားရှင်ဟောကြားတော်မူခဲ့သည့် မူရင်းပါဠိတော်အတိုင်း တစ်လုံးတစ်ပါဒမျှမကျန်၊ ဘာကိုမှ ဖြည့်စွက်ခြင်း၊ ထုတ်နုတ်ခြင်းမပြုဘဲ အတိအကျ ရွတ်ဆိုပူဇော်တော်မူခဲ့ကြခြင်း ဖြစ်ပါတယ်။

ရှင်မဟာကဿပ မထေရ်မြတ် ဦးစီးတော်မူခဲ့တဲ့ ပထမသင်္ဂါယနာမှ ပါဠိတော်မူရင်းကို ခေတ်အဆက်ဆက် မပျက်မသုဉ်းရအောင် သံဃာတော်အရှင်မြတ်များ **(မထေရ်မြတ်ကြီးများ)**က **ထိန်းသိမ်းစောင့်ရှောက်တော်မူ**ခဲ့တဲ့အတွက် ကျွန်မတို့ ယခုလက်ခံကျင့်သုံးနေကြတဲ့ ဗုဒ္ဓဘာသာကို **ထေရဝါဒဗုဒ္ဓဘာသာ**ဆိုပြီး ခေါ်ဝေါ်နေကြတာ ဖြစ်ပါတယ်။

**ထေရ** = ဆယ်ဝါရပြီးသော ရဟန်း (ရဟန်းဘဝ၌) မြဲမြံခိုင်ခံ့ပြီးဖြစ်သည့်ပုဂ္ဂိုလ်
**(ပါဠိ-မြန်မာအဘိဓာန် စာ-၄၂၀)**

အခု ဓမ္မစကြာနိဒါန်း ဂါထာ(၁)ကို ပြန်ဆက်ကြရအောင်ပါ။

စာကြောင်းတိုလေး(၆)ကြောင်းရဲ့ ပထမစာကြောင်း **"ဧဝံ မေ သုတံ"**ဆိုတာကို ဘုရားရှင်ရဲ့ တရားတော် အတော်များများရဲ့အစမှာ တွေ့ဖူး၊ ကြားဖူးကြမယ် ထင်ပါတယ်။

**ဧဝံ** = ဤသို့၊ **မေ** = ကျွန်ုပ်၊တပည့်တော်
**သုတံ** = ကြားခဲ့၊ နာခဲ့ရပါသည်။
"တပည့်တော် ဤသို့ နာကြားခဲ့ရပါသည်" လို့ အဓိပ္ပာယ်ရှိပါတယ်။

ဒါက **ပထမသင်္ဂါယနာတင်**ရာမှာ **ရှင်အာနန္ဒာမထေရ်**မှ ဓမ္မစကြာတရားတော်ကို မြတ်စွာဘုရားရှင်က **ဘယ်နေရာ၊ ဘယ်ဒေသတွေမှာ ဘယ်သူတွေကို ဒီတရားဟောကြားတော်မူခဲ့ပါသလဲ**ဆို တာနဲ့ပတ်သက်လို့ သင်္ဂါယနာတင်ကြတဲ့ ရဟန္တာ အရှင်သူမြတ်များကို တင်ပြလျှောက်ထားတာပါ။ အဘိဓမ္မာပိုင်းနဲ့ သုတ္တန်ပိုင်းကို တာဝန်ယူ ပြောကြားခဲ့တာ ရှင်အာနန္ဒာ ဖြစ်ပါတယ်။

အချိန်ကိုတော့ အတိအကျ မဖော်ပြထားပါဘူး။ 'ဧကံ သမယံ' တစ်ခုသောအချိန်မှာလို့ပဲ မိန့်ထားပါတယ်။ **ဗာရာဏသီမြို့**မှာရှိတဲ့ **ဣသိပတန**လို့ လည်းခေါ်တဲ့တော၊ သားသမင်တို့ ဘေးမဲ့ပေးတဲ့တော **(မိဂဒါဝုန်)**လို့လည်းခေါ်တဲ့ တောမှာ **ပဉ္စဝဂ္ဂီငါးပါးတို့ကို တရားနာဖို့ဖိတ်ခေါ်ပြီး ဟောတော်မူခဲ့တာပါ**လို့ ရှင်အာနန္ဒာမထေရ်မှ လျှောက်ထားခြင်း ဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ တရားက ဂါထာ(၂)မှာမှ စတာပါ။

**ဂါထာ(၂) အယုတ်တရားနှစ်ပါး**

ပထမစာကြောင်းတို နှစ်ကြောင်းက ရဟန်းပုဂ္ဂိုလ်များဟာ **အစွန်းတရား(အန္တာ)နှစ်ပါး**ကို ဘယ်တော့မှ မှီဝဲဆည်းကပ်ခြင်းမပြုပါဘူးလို့ မိန့်တာပါ။

အဲ့ဒီ အစွန်းတရားနှစ်ပါးက ဘာတွေပါလဲ။

၁။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ ဆိုတဲ့ **ကာမဂုဏ်အာရုံငါးပါးတို့ကို အလွန်မှ လိုလားလိုက်စားခြင်း အလေ့အကျင့်**(ကာမ သုခလ္လိကာ နုယောဂေါ)ဆိုတဲ့ အစွန်းတရားဖြစ်ပါတယ်။

လှပတဲ့ အဆင်းရူပါရုံ၊ သာယာတဲ့အသံ၊ မွှေးကြိုင်တဲ့ အနံ့ အစရှိသဖြင့် ကောင်းပေ့ညွန့်ပေ့ဆိုတာတွေ နောက်ကိုပဲ တစ်ချိန်လုံး လိုက်နေတဲ့ လူတစ်ယောက်ဟာ ဘယ်လိုလုပ် တရားရနိုင်ပါ့မလဲ။

ဘုရားအလောင်းတော်ကိုယ်တိုင် မင်းသားဘဝ **အသက်(၂၉)နှစ်အရွယ်**အထိ **မင်းစည်းစိမ်အပြည့်နဲ့နေခဲ့ရတာ**။ ခမည်းတော်မင်းကြီးကလည်း မင်းသားကို ဘုရားဖြစ်ဖို့ထက် စကြဝတေးမင်းပဲဖြစ်စေချင်တာကြောင့် မင်းသားကို လောကီစည်းစိမ်အားလုံးဖြည့်ဆည်းထားပေးလိုက်တာ။ အိုတာ၊ နာတာ၊ သေတာဆိုတာ ကြားတောင်မကြားဖူးတဲ့အထိပါပဲ။ မြင်ဖူး၊ တွေ့ဖူးဖို့ဆိုတာ ဝေးရော။

အချိန်တန်တော့မှသာ **(သက်တော် ၂၉ နှစ်မှသာ) သူအို၊ သူနာ၊ သူသေတွေကို** နတ်မြတ်နတ်ကောင်းတို့ရဲ့ အကူအညီနဲ့ မြင်တွေ့ပြီး **သူကိုယ်တိုင်လည်း တစ်နေ့အိုရမယ်၊ နာရမယ်၊ သေရမယ်ဆိုတာ သဘောပေါက်သွားတော်မူခဲ့ရပါတယ်**။ သူအို၊ သူနာ၊ သူသေဆိုတာတွေတွေ့ပြီး **သတိသံဝေဂရပြီး**နောက်မှာမှ ရဟန်းဆိုတာကို တွေ့ပြီး **ရဟန်း**ဆိုတာ **အို၊ နာ၊ သေ ဒုက္ခဘေးအားလုံးမှ လွတ်မြောက်ရာတရား**ကို စိတ်နှစ်ပြီး **တရားရှာနေတဲ့ပုဂ္ဂိုလ်**ဆိုတာကို သိရှိသွားတော်မူခဲ့ပါတယ်။ သူလည်း ထီးနန်းစည်းစိမ်တွေအားလုံး စွန့်လွှတ်ပြီး အို၊ နာ၊ သေလွတ်မယ့် တရားကိုရှာဖို့ ရဟန်းဝတ်တော်မူခဲ့တာ မဟုတ်ပါလား။

ဒါကြောင့် ကာမဂုဏ်အာရုံငါးပါးမှာသာ ကပ်ငြိနေပြီး လောကီစည်းစိမ်ချမ်းသာတွေ ခံစားဖို့ကိုပဲ အမြဲလို့လစိုက်နေတဲ့နည်းဟာ **တရားရှာနေတဲ့ ရဟန်းတစ်ပါး မှီဝဲဆည်းကပ်နေလို့မဖြစ်ပါ**။ (နသေဝိတဗ္ဗာ)

အဲ့ဒီနည်းဟာ **ယုတ်ညံ့တဲ့အကျင့်**(ဟီနော)၊ **အသိဉာဏ်နုံနည်းတဲ့လူတွေရဲ့အကျင့်၊ ဆင်ခြင်ဉာဏ်နည်းတဲ့ လူသာမန်တွေရဲ့အကျင့်**(ပုထုဇ္ဇနိကော)၊ **မသူတော်တွေရဲ့အကျင့်**(အနရိယော) ဖြစ်တဲ့အတွက် **အကျိုးမရှိ**တဲ့အကျင့်(အနတ္ထသံဟိတော)ဖြစ်ပါတယ်။ ယုတ်ညံ့တဲ့အကျင့်(အယုတ်တရား)တစ်ခုဖြစ်ကြောင်း မိန့်တော်မူခဲ့ပါတယ်။

နောက်အစွန်းတစ်ဖက်ကတော့ ပထမနည်းမှာလို ခန္ဓာကိုယ်ကို အလွန်အလိုလိုက်တာရဲ့ **ဆန့်ကျင်ဘက်နည်း**ဖြစ်ပါတယ်။

တရားစစ်၊ တရားမှန်ကိုရှာတဲ့အခါ ခန္ဓာကိုယ်ကို အလိုလိုက်လို့ မရဘူးဆိုပြီး **ခန္ဓာကိုယ်ကို နည်းမျိုးစုံနဲ့ နှိပ်စက်ညှဉ်းပန်းပြီး ကိုယ်လက်လွန်စွာ ပင်ပန်းနေပါမှ** လူတွေရဲ့စိတ်ကို နှိပ်စက်ပူလောင်စေတဲ့ **ကိလေသာတရားတွေ**(လောဘ၊ ဒေါသ၊ မာန စတဲ့ တရားတွေ) **ဝင်မလာနိုင်မှာ**လို့ တွေးပုံရပါတယ်။

အဲ့ဒါကြောင့် အဲ့ဒီခေတ် အိန္ဒိယနိုင်ငံအနှံ့ တရားရှာနေကြတဲ့ ပုဂ္ဂိုလ်တချို့ဟာ **ဆူးပုံပေါ်မှာ အိပ်**လို့ တစ်ချိန်လုံး ဆူးစူးခံနေရလို့ ဘာလိုချင်၊ ညာလိုချင်တွေလည်း ပေါ်မလာတော့ ဘယ်သူ၊ ဘယ်ဝါအပေါ် စိတ်ဆိုးလိုက်တာမျိုးလည်း မရှိတော့။ ဒါဆို တရားရဖို့ နီးပြီထင်ကြတယ်နဲ့ တူပါတယ်။

တချို့ကလည်း နေကပူရတဲ့အထဲ လေးဘက်လေးတန် **မီးပုံကြီးတွေကြားမှာနေ**၊ ချွေးတွေပြိုက်ပြိုက်ကျ၊ ကိလေသာတွေက ချွေးနဲ့အတူ ထွက်သွားတယ်လို့တွေးတဲ့ ပုဂ္ဂိုလ်တွေကလည်းတစ်မျိုး။

တချို့တွေကျပြန်တော့လည်း ဆောင်းတွင်းကြီး အေးရတဲ့အထဲ **မြစ်ထဲဆင်း ရေစိမ်**၊ ကိလေသာတွေ ရေမှာမျှောတာပါတဲ့။

တချို့ကလည်း ရေထဲမှာ **အကြာကြီးရေငုပ်နေ**၊ ရေမွှမ်းနေတော့ ဟိုဟိုဒီဒီ ဘာမှမတွေးနိုင်၊ ကိလေသာကင်းတယ်ပေါ့။

ဒီလိုတွေ အမျိုးမျိုးတွေးပြီး တရားရှာကြတာ မိမိခန္ဓာကိုယ်ကို အလွန်အကျွံ နှိပ်စက်တဲ့နည်း(အတ္တကိလမထာနုရောဂေါ ဆိုတဲ့အကျင့်)လည်းပဲ **တရားစစ်၊ တရားမှန်ကို ရစေတဲ့နည်း မဟုတ်ကြောင်း** ဘုရားရှင်က မိန့်တော်မူပါတယ်။

**ဒုက္ခဆင်းရဲခြင်းကိုသာပေးတဲ့နည်း**(ဒုက္ခော) **မသူတော်တွေရဲ့အကျင့်** (အနရိယော)ဖြစ်တဲ့အတွက် **အကျိုးမရှိတဲ့အကျင့်**(အနတ္ထသံဟိတော) ဖြစ်ပါတယ်။

ဘုရားအလောင်းတော်အနေနဲ့လည်း ဥရုဝေလတောမှာ သာမန်လူတွေ ကျင့်နိုင်ခဲတဲ့၊ ကျင့်ဖို့လွန်စွာခဲယဉ်းလှတဲ့ **ဒုက္ကရစရိယာအကျင့်**ကို ကျင့်တော်မူခဲ့တယ် မဟုတ်ပါလား။

တစ်နေ့မှ ဆွမ်းတစ်လုတ်၊ သစ်သီးတစ်လုံး အစရှိသဖြင့် အလွန်မှ ခြိုးခြံစွာ ကျင့်ရုံမက တစ်နေ့လုံး၊ တစ်ညလုံး မနားမနေ မထစတမ်း၊ မအိပ်စတမ်း တရားရှာခဲ့ပေမယ့် လူသာ လဲကျတယ် **တရားမှ မရခဲ့တာ**။ လက်တွေ့မဟုတ်ပါလား။

# ယောအလှခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲကျင်းပ

**ဂန့်ဂေါ စက်တင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး ဉာဏစွမ်းရည်တိုးတက်စေရန်ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံပညာမူလတန်းအဆင့် ပန်းချီပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက လူထုအခြေပြု ဗဟိုဌာန (Community Centre)ခန်းမတွင် ကျင်းပခဲ့သည်။



အခြေခံပညာမူလတန်းအဆင့် ပန်းချီပြိုင်ပွဲကို "ယောအလှ" ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ရာ မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပန်းချီပြိုင်ပွဲအပြီးတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်ပြပွဲနှင့် "မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြသည်။

ထို့အတူ မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ဆက်လက်၍ ကျင်းပခဲ့သည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထက်အောင်၊ ခရိုင်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုမင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လှဲ့ရည်လှိုင်နှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံ ဒေါ်ဇာလီမြင့်တို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ)

**မောင်မျိုးမင်း(ပြန်/ဆက်)**

# ကျန်းမာရေးအသိပညာပေး Talk Show ကျင်းပ

**ကျွန်းလှ စက်တင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေး Talk Show ကို စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းမြင့်က Talk Show ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး-၃ ဦးဇော်ညွန့်ဝေက မွေးစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား အသက်အပိုင်းအခြားအလိုက် တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံ တိုက်ကျွေးပေးခြင်း၊ ကာကွယ်ဆေးအမျိုးအစားများ၊ ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ စသည့် အကြောင်းအရာများ ပြောကြားခဲ့သည်။

ကျွန်းလှမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာဗဟုသုတရရှိရေးအတွက် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ အသိပညာဟောပြောပွဲများနှင့် Talk Show အစီအစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄စဝ)




# မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်)၌ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မူပိုင်ခွင့်ဆိုင်ရာ ဗီဒီယိုမှတ်တမ်းအား ပြသခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်၏အဓိပ္ပာယ်နှင့် တီထွင်မှုများအကြောင်း ဟောပြောခဲ့သည်။



ဆက်လက်၍ အစိုးရနည်းပညာအထက်တန်းကျောင်း (ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇာနည်ထွန်းက ကျောင်းသား၊ကျောင်းသူများအနေဖြင့် တီထွင်ဖန်တီးမှုများပြုလုပ်ပါက ဒေသလိုအပ်ချက်များအား ဦးစားပေးစပ်သပ်ထုတ်လုပ်စေလိုကြောင်း၊ ဈေးကွက်အတွင်းရောင်းချနိုင်ပါက မိမိတို့တီထွင်မှုများ နစ်နာမှုမရှိစေရေး မူပိုင်ခွင့်များ ပြုလုပ်သွားကြရန် ရှင်းလင်းပြောကြားခဲ့ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစိမ့်သန္တာထွန်းက မူပိုင်ခွင့်သမိုင်းကြောင်း၊ မူပိုင်ခွင့်စနစ်၊ မူပိုင်ခွင့်အမျိုးအစားများနှင့် တီထွင်ဖန်တီးမှုများအား ဈေးကွက်ရှာဖွေခြင်း အကြောင်းအရာများအား ဟောပြောခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၄စ၅)

## အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀၊ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀၊ ကီလိုမီတာ(၈၀)ထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

**မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။**

ပတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး


## အလှစစ်

* ငွေ၊ လုံ့လ စိတ်အားထက်သန်
ကြိုးစားရန် တို့အပေါင်း။
တစ်သက်တာ စာပေ၊ ပန်းကွယ်
ဆင်မြန်းခညောင်း။

* ရင်ထဲဝယ် အမြဲကိန်းအောင်း
ကဗျာကောင်း ဖန်တီးကာ
ထုဆစ်ကြပါ။
သည်လောက မြေကမ္ဘာ
အလှဖြာ ထင်ကျန်ရစ်။
လူ့ဌာနေ အကျိုးပြုလို့
ယခုရေးခြစ်။

* မြန်မာကဗျာ အလှစစ်
ဘယ်မပစ် တို့တစ်တွေ။
ဂန္ထဝင် ကာရန်စပ်ထုံး
သီကုံးပျော်နေ။
အချီ၊ အချ သိကြစေ
အမြဲလေ လေ့လာထား။
ပွင့်ပန်းအစုံ
တင့်ဆန်းပုံ တစ်မူထူးလို့
(အိုကွယ်)
ကြည်နူးရေးသား။ ။

**ဇဂျမ်းရွာကျောင်းအိုသား**



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ စက်ကွင်းစာတိုးအုပ်စုနေ ဦးချစ်ခိုင်(ဘ)ဦးသွင်(၉/အမရ(နိုင်)၀၁၆၆၇၅)ပိုင်ဆိုင်လုပ်ကိုင်သည့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တမုတ်ဆိုးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်(၅၇၀-င၊ ဂျိုကုန်း)၊ ဦးပိုင်အမှတ်(၂၉)၊ မြေဧရိယာ(၂ ဒသမ ၇၀)ဧက အကျယ်အဝန်းရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ဒုတိယမူရင်း ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်အိအိနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အကွက်(မမ-၂၇)၊ တိုက်(၂၃)၊ မြရည်နန္ဒာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➢ ၀၉-၄၄၉၀၀၂၄၇၉**

## အများသိစေရန် ကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ အင်းယားရွာ၊ ရတနာလမ်းရှိ၊ ကွင်းအမှတ်(၇၈၉-ခ)၊ ဧရိယာ(ပေ ၂၂၀ × ပေ ၈၀)အကျယ်အဝန်းရှိ မြေကွက်အား မူလပိုင်ရှင် ဒေါ်လှငွေ(ဘ)ဦးဘိုးတင်(၉/မမန(နိုင်)၀၄၉၇၅၉)ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးတင်မောင်ဆွေ(ဘ)ဦးလှမောင်(၉/မထလ(နိုင်)၀၅၂၉၆၄)မှ (၁၀-၃-၂၀၁၅) ရက်တွင် လက်ရောက်ဝယ်ယူခဲ့ပြီး ယနေ့တိုင် ခိုင်မာစွာ လက်ဝယ်နေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါဝယ်ယူထားသည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောအထောက်အထားများနှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ညွန့်**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၅၆၅၀(၁၉၉၁)**
**လမ်း ၂၀နှင့် ၂၁လမ်းကြား၊ ၈၁လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၄၄၁၀၀၅၅၄၁၊ ၀၉-၄၃၁၀၀၈၈၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းကျေးရွာအုပ်စု၊ ရေထွက်ရပ်ကွက်၊ အကွက်(၄၉၈-က)၊ ဦးပိုင်အမှတ်(၁၅၆/၁)ဧရိယာ(၁ ဒသမ ၃၀)ဧကရှိ အမည်ပေါက် ဦးသောင်းစိန် ဆီမှ(ပေ ၂၀ × ပေ ၄၀)မြေကွက်အား စာရွက်စာတမ်း အဆက်စပ်အစုံအလင်ဖြင့် (၂၀-၆-၂၀၂၄)ခုနှစ်တွင် ကျွန်တော်၏မိတ်ဆွေ ဒေါ်ခင်ဌေးကြည်(ဘ)ဦးဘတင်မှတ်ပုံတင်(၉/အမဇ(နိုင်)၀၁၃၀၈၃)မှ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ပိုင်ဆိုင်မှုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဌေးကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကံထူး BA.HGP.RL အထက်တန်းရှေ့နေ(စဉ်-၁၉၂၄၀)**
**၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ➢ ၀၉-၇၅၀၂၇၄၆၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းကျေးရွာအုပ်စု၊ ရေထွက်ရပ်ကွက်၊ အကွက်(၄၉၈-က)၊ ဦးပိုင်အမှတ်(၈၆/၁)၊ ဧရိယာ(၂ ဒသမ ၉၄)ဧကရှိ မြေကွက်အတွင်းမှ မြေကွက်အမှတ်($C_1 + C_2$) (ပေ ၈၀ × ပေ ၄၀)အကျယ်အဝန်း အမည်ပေါက် ဒေါ်ချိုမာ ဆီမှ ကျွန်တော်၏မိတ်ဆွေ ဒေါ်လှိုင်မိုင်(ခ)ဒေါ်အေးအေးခိုင်(ဘ)ဦးစိုင်းထွန်း မှတ်ပုံတင်(၁၃/မဆတ(နိုင်)၀၄၄၆၂၈)မှ စာရွက်စာတမ်း အဆက်စပ် အစုံအလင်ဖြင့် ပိုင်ဆိုင်ထားပါသည်။ ပိုင်ဆိုင်မှုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှိုင်မိုင်(ခ)ဒေါ်အေးအေးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကံထူး BA.HGP.RL**
**အထက်တန်းရှေ့နေ(စဉ်-၁၉၂၄၀)**
**၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ➢ ၀၉-၇၅၀၂၇၄၆၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၅)၊ ဦးပိုင်နံပါတ်(၄၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးမောင်ဦး(ခ)ဦးမောင်မောင်ဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အနောက်ဘက်ခြမ်း(ပေ ၂၀ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်စိုးနိုင်(ဘ)ဦးစိုးမင်း(၉/မရတ(နိုင်)၁၀၁၅၁၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစင်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အေးနန္ဒာထွန်း LL.B** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်မာလာစိုး LL.B** (အထက်တန်းရှေ့နေ) **ဒေါ်ဖူးသန့်မွန် LL.B** (အထက်တန်းရှေ့နေ)

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၉၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၅)၊ ဦးပိုင်နံပါတ်(၄၇)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (ပေ ၃၀ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးစိုးလင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့သည့် မြေကွက်၏အနောက်ဘက်ခြမ်း(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ဝင်း(ဘ)ဦးတွမ်ဝေဠု(၁၃/ကခန(ဧည့်)၀၀၀၁၇၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစင်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အေးနန္ဒာထွန်း LL.B** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်မာလာစိုး LL.B** (အထက်တန်းရှေ့နေ) **ဒေါ်ဖူးသန့်မွန် LL.B** (အထက်တန်းရှေ့နေ)

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၉၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၅)၊ ဦးပိုင်နံပါတ်(၁၅-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရကာ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမောင်ကြိုင်(ဘ)ဦးအောင်လှ(KBG-၁၈၄၇၇၀)(၉/မရမ(နိုင်)၀၆၆၄၃၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အိအိမွန် LL.B, LL.M** (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်ယုသစင်အောင် LL.M** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်အေးနန္ဒာထွန်း LL.B** (တရားလွှတ်တော်ရှေ့နေ) **ဒေါ်မာလာစိုး LL.B** (အထက်တန်းရှေ့နေ) **ဒေါ်ဖူးသန့်မွန် LL.B** (အထက်တန်းရှေ့နေ)

**အမှတ်(D-၁၅၇)၊ ၆၇လမ်း။ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၇၉၄၄၊ ၀၉-၄၀၂၅၉၉၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-က/၄)၊ ဦးပိုင်အမှတ်(၅၁)၊ မြေဧရိယာ(၀ ဒသမ ၀၂၁၂)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာ(၁)ထပ် အဆောက်အဦ၊ ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်) အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်၊ နိုတြီအထွေထွေ ကိုယ်စားလှယ်လွှဲစာတို့ဖြင့် ဝယ်ယူခဲ့ပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးနိုင်မင်းထွန်း(ဘ)ဦးကျော်ညွန့်(၅/ဝလန(နိုင်)၁၇၄၈၇၀)မှ ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဦးအောင်မျိုးထွန်း(ဥပဒေဘွဲ့) တရားလွှတ်တော်ရှေ့နေ**
**လမ်း၃၀(အေ)၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➢ ၀၉-၇၉၇၃၅၀၀၇၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကျီကုန်းကျေးရွာအုပ်စု၊ ရေထွက်ရပ်ကွက်၊ အကွက်(၄၉၈-က)၊ ဦးပိုင်အမှတ်(၈၄/၁)၊ အရှေ့အနောက်(ပေ ၄၀)၊ တောင်မြောက်(ပေ ၂၀)အား အမည်ပေါက် ဦးညိုဝင်း ဆီမှ စာရွက်စာတမ်း အဆက်စပ်အစုံအလင်ဖြင့် (၂၂-၇- ၂၀၂၅)ခုနှစ်တွင် ကျွန်တော်၏မိတ်ဆွေ ဦးမင်းမော်ဦး(ဘ)ဦးသန်းဌေး မှတ်ပုံတင်(၅/ခဥတ(နိုင်)၀၆၁၂၆၉)မှ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ပိုင်ဆိုင်မှုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းမော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကံထူး BA.HGP.RL အထက်တန်းရှေ့နေ(စဉ်-၁၉၂၄၀)**
**၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၃၄လမ်းနှင့် ၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း ➢ ၀၉-၇၅၀၂၇၄၆၅၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄)၊ ဦးပိုင်အမှတ်(၄၅)၊ လမ်း၆၀နှင့် ၆၀-Cလမ်းကြား၊ ၁၂၃လမ်းနှင့် ၁၂၄လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးသောင်းလှိုင် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၂၉၂/၂၀၁၇)ဖြင့် ဇနီး ဒေါ်သန်းမြက ပိုင်ဆိုင်ခဲ့ပြီး မိခင် ဒေါ်သန်းမြ ကွယ်လွန်၍ ကျန်ရစ်သူ သမီးများဖြစ်ကြသော ဒေါ်သိန်းသိန်းဝင်း(၉/မခန(နိုင်)၀၁၃၁၆၄)၊ ဒေါ်စန်းစန်းဝင်း(၉/မနမ(နိုင်)၀၆၈၃၉၇)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့ရှိ အကြီးဆုံးသော အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံနှင့် ဗလာဒီဗော့စတော့ ကုန်သွယ်ရေးဆိပ်ကမ်းတို့ကို လှည့်လည်ကြည့်ရှု

ဗလာဒီဗော့စတော့ စက်တင်ဘာ ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ စက်တင်ဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဗလာဒီဗော့စတော့မြို့ရှိ အကြီးဆုံးသော အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံနှင့် ဗလာဒီဗော့စတော့ ကုန်သွယ်ရေးဆိပ်ကမ်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ဦးစွာ ဒုတိယသမ္မတသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ဗလာဒီဗော့စတော့မြို့ရှိ မြို့တော်အတွက် လျှပ်စစ်ဓာတ်အားနှင့် အပူပေးရေးအတွက်အရေးပါသည့် အကြီးဆုံးသော အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ "JSC" Far Eastern Generating Company ၏ "Vladivostok CHP-2"ဖွဲ့စည်းပုံဆိုင်ရာဌာနခွဲ ဒါရိုက်တာနှင့် Primorsky Krai ၏ စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ထောက်ပံ့ရေးဆိုင်ရာ ဒုတိယဝန်ကြီးတို့က ကြိုဆိုနှုတ်ဆက်ကြပြီး

စာမျက်နှာ ၆ သို့ ☆



ဒုတိယသမ္မတ ဦးညိုစော ဗလာဒီဗော့စတော့မြို့ရှိ အကြီးဆုံးသော အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် လျှပ်စစ်ဓာတ်အား ထိန်းချုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေများကို ကြည့်ရှုလေ့လာစဉ်။

## ယနေ့ ဖတ်စရာအညွှန်း

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီးတစ်ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျ လွှဲပြောင်းအပ်နှံ

စာမျက်နှာ ၁၀

တရားဦးဓမ္မစကြာတရားတော်(၄) (ဆောင်းပါး)

စာမျက်နှာ ၁၄



## ရန်ကုန်ယူနိုက်တက်အသင်းက ချင်းလန်းအသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၄**

M League 2026-27 (week-2) ပွဲစဉ်တစ်ပွဲဖြစ်သည့် ချင်းလန်းအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ Star City Sports Club တွင် ယနေ့ညနေ ၃နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန်အသင်းက ချင်းလန်းအသင်းကို ငါးဂိုး၊ တစ်ဂိုးနှင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးကို သန်းပိုင်က ပွဲချိန် ၉မိနစ်တွင် ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ထို့နောက် ၇ မိနစ်အကြာတွင် ချင်းလန်းအသင်းမှ ဖီးလစ်က ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၂ မိနစ်တွင် သီယာဂိုသော မတ်က ခေါင်း တိုက်သွင်းယူပေးခဲ့ပြီး ပထမပိုင်းတွင် ရန်ကုန်အသင်းက နှစ်ဂိုး၊ တစ်ဂိုးနှင့် ဦး ဆောင်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၅၅ မိနစ်တွင် မောင်မောင်လွင်၏ ပေးပို့မှုမှတစ်ဆင့် သန်းပိုင် တစ်ချက်ထိန်းပြီး ကန်သွင်းယူနိုင်ခဲ့သည်။ ၁၀ မိနစ်အကြာတွင် ရန်ကုန်အသင်း ထပ်မံ၍ ဦးဆောင်ဂိုးရရှိခဲ့ပြီး မင်းကျော်ခန့်က တစ်ဖက်အသင်း၏ ဂိုးဧရိယာဘယ်ခြမ်းမှ ဂိုးရှေ့ကန်တင်ပေးမှုကို မောင်မောင်လွင်က ကန်သွင်းယူခဲ့သည်။ ပွဲချိန် ၇၅ မိနစ်တွင် အယ်လ်ဘတ်က အနီးကပ်သွင်းယူနိုင်ခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ချင်းလန်းအသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

(NGB)

## ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်များနှင့် ပထမအဆင့် ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၄

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲကို ယနေ့တွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ

စာမျက်နှာ ၈ သို့ ❖



## အမှိုက်များစနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းအစီအစဉ် ပြည်ကြီးတံခွန်မြို့နယ် အ.ထ.က(၂၇) တွင် ပြုလုပ်

**မန္တလေး စက်တင်ဘာ ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ဆောင်ရွက်သည့် အမှိုက်စနစ်တကျစွန့်ပစ်ရေး ပညာပေးလုပ်ငန်းအစီအစဉ် (သတ္တမအကြိမ်)ကို ယနေ့ နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇) အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာန ဌာနမှူး ဦးမောင်မောင်မြင့်၊ ဌာနခွဲမှူး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် သန့်ရှင်းရေးဌာန ဌာနခွဲမှူး ဦးသိန်းလွင်က ကျောင်းသား၊ ကျောင်းသူများအား အမှိုက်များကို

စာမျက်နှာ ၉ သို့ ■

